ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ **(14-9-2011)**(၆၈၈၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် ဆုချီးမြှင့်ပွဲကျင်းပရေးဆပ်ကော်မတီသို့ ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြင်ပနိုင်ငံများမှ ရိုက်ခတ်လာနေသည့် ယဉ်ကျေးမှုဂယက်သည် အရှိန်အဟုန်ပြင်းပြင်းဖြင့် စီးဆင်းနေ မိမိနိုင်ငံ၊ မိမိလူမျိုး၏ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်

ကမ္ဘာတည်သရွေ့ မိမိတို့၏ ရိုးရာယဉ်ကျေးမှု တည်တံ့ခိုင်မြဲပျံ့နှံ့နေစေရန်အတွက် ဆက်လက်ကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၁၃

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် ဆုချီးမြှင့်ပွဲကျင်းပရေးဆပ်ကော်မတီသို့ ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အလှူငွေများကို လက်ခံသည်။

အခမ်းအနားသို့ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဦးစီးကော်မတီဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး အတွက် အလှူရှင်တစ်ဦးက အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

လက်ကိုင်ဖုန်းသုံးစွဲသူများ လိုင်းပြတ်တောက်ခြင်းမဖြစ်ပေါ်စေဖို့

"ငွေဖြည့်ကတ်မှ ငွေကို သတ်မှတ်ချိန်တွင် ငွေထပ်မံ မဖြည့်တင်းပါက ဖုန်းဆက်သွယ်မှု လိုင်းပြတ်တောက်ခြင်းဖြစ်ပေါ်နိုင်"

ဖတ်စရာ မှတ်စရာသတင်း စာမျက်နှာ-၃

ယူအက်စ်အိုးပင်း ကမ္ဘာ့အဆင့်(၁) ဂျိုကိုဗစ် ဗိုလ်စွဲ

"ဂျိုကိုဗစ်နှင့် ရာဖေးလ်နာဒယ်လ်တို့၏ ပွဲကစားချိန်မှာ ၄ နာရီ ၁၀ မိနစ် ကြာခဲ့သည်"

အားကစားသတင်း စာမျက်နှာ-၁၀

ယနေ့ နေပြည်တော်နှင့် အနီးတစ်ဝိုက်

အပူချိန်
↑ ၃၄ °C
↓ ၂၄ °C

မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ၁၀၀%

မြကြေးမှုံ The Mirror
၁၄-၉-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

သီးနှံစုံစိုက်ပျိုး အထွက်တိုးသည့် လယ်ယာမြေ

နိုင်ငံတစ်နိုင်ငံ၏ စိုက်ပျိုးနိုင်သည့်မြေသည် အဆိုပါနိုင်ငံ၏ ရိက္ခာကြွယ်ဝမှုကို ဖော်ညွှန်းနေသည်။ နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လယ်ယာမြေများသည် အခြေခံကျလှသည်။ မြန်မာနိုင်ငံ၌ စိုက်ပျိုးနိုင်သည့် မြေဧရိယာများစွာရှိသည်။ မြေလွတ်မြေရိုင်းများလည်း ရှိသေးသည်။ များပြားကျယ်ဝန်းလှသည့် လယ်ယာမြေဧရိယာများ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်သည်။

မြန်မာ့ရေမြေရာသီဥတု ညီညွတ်မျှတကောင်းမွန်သဖြင့် စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းသည်။ ခေတ်မီနည်းပညာများ အသုံးပြုစိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်သီးနှံများ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပြည်ပဈေးကွက်သို့ပင် တင်ပို့ရောင်းချနေကြသည်။ သို့သော် ဧရိယာတစ်ခုတွင် သီးနှံတစ်မျိုးတည်းသာ စိုက်ပျိုးခြင်းသည် ဂေဟစနစ်နှင့် စီးပွားရေးကို ထိခိုက်စေသည့်အပြင် တစ်မျိုးတည်းသော ပိုးမွှားများသာ ကျရောက်လေ့ရှိသည်ကိုတွေ့ရသည်။ သီးနှံစိုက်ပျိုးခြင်းသည် ပိုးမွှားကျရောက်မှုနည်းပြီး ဇီဝမျိုးစုံဝင်ရောက်နိုင်သဖြင့် သီးနှံမျိုးစုံစိုက်ပျိုးသင့်သည်။

စိုက်ပျိုးရေးလုပ်ငန်းများ၌ သီးနှံများ တစ်ဧကအထွက်နှုန်းတိုးရေးကို အလေးထားလာကြသည်။ သီးနှံအထွက်တိုးရေးအတွက် ဓာတ်မြေဩဇာများကို သုံးစွဲကြသည်။ သီးနှံရောဂါများ ကာကွယ်နိုင်ရေး၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများစွာ အသုံးပြုနေကြမြဲဖြစ်သည်။ ဈေးကွက်လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းပေးနိုင်ရေး သီးနှံထုတ်လုပ်မှုနှုန်း အရေအတွက်ဘက်သို့ ဦးစားပေးလုပ်ဆောင်လာကြသည်။ မိရိုးဖလာ မျိုးကောင်းမျိုးသန့်သီးနှံများ မျိုးရိုးဗီဇပြုပြင်ပြီး သီးနှံဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်သင့်သည်။

ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများ အသုံးပြုရာတွင် သတ်မှတ်ပမာဏ၊ သတ်မှတ်ချိန်အတွင်း အသုံးပြုခြင်းသည် စားသုံးသူများကို ဘေးဥပဒ်ကင်းစေသည်။ ယင်းသို့ လုပ်ဆောင်ခြင်းမရှိသည့်အခါ စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်စေသည်။ အချို့သီးနှံများ ရောင်းတန်းဝင် မျက်နှာပန်းလှစေရန် ဓာတုဆေးရည်များ ပက်ဖျန်းရောင်းချလာကြသဖြင့် ဘေးအန္တရာယ်ဖြစ်စေနိုင်သည်ကို သတိပြုကြရပေမည်။

လယ်ယာမြေများတွင် မျိုးကွဲသီးနှံစိုက်ခင်းများအကြား ထန်းပင်၊ ဝါးပင်စသည့် လေကာသစ်ပင်များ အတန်းလိုက်စိုက်ပျိုးခြင်းသည် မြေဆီလွှာတိုက်စားမှုကို လျော့နည်းစေသည်။ မြေ၏ အစိုဓာတ်ကို တိုးပွားစေသည်။ ငွေကုန်ကြေးကျသက်သာပြီး သီးနှံအထွက်တိုးမှု အကျိုးပြုသဖြင့် လေကာသစ်ပင်များ စိုက်ပျိုးသင့်သည်။

နည်းပညာဖွံ့ဖြိုးလာမှုနှင့်အတူ သီးနှံမျိုးစုံစိုက်ပျိုးခြင်း၊ အော်ဂဲနစ်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်း၊ လယ်ယာမြေဧရိယာရှိ သစ်တောအုပ်ကလေးများ ထိန်းသိမ်းခြင်းတို့ ပြုလုပ်သင့်သည်။ လယ်ယာထွက်ဇီဝစွန့်ပစ္စည်းများ မြေဆီလွှာအဖြစ် ပြန်လည်အသုံးဝင်စေရန် ဖန်တီးပြုလုပ်ခြင်း၊ သဘာဝမြေဩဇာများ ထုတ်လုပ်အသုံးပြုခြင်း၊ လယ်ယာမြေဧရိယာများ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ဖြင့် သီးနှံများ တိုးချဲ့စိုက်ပျိုး အထွက်တိုးပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ရောင်းချနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းလိုက်ရပေသည်။ ။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၃-၉-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၁၉၅၀	၀. ၀၃၃၁၂
တရုတ် (ယွမ်)	၆. ၃၉၉၉၀	၀. ၁၅၆၂၅
အိန္ဒိယ (ရူပီး)	၄၇. ၅၁၂၁	၀. ၀၂၁၀၅
မလေးရှား (ရင်းဂစ်)	၃. ၀၅၆၅၀	၀. ၃၂၇၁၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၂၈၃	၀. ၈၀၄၆၂
ဂျပန် (ယန်း)	၇၆. ၈၆၄၂	၀. ၀၁၃၀၁
တောင်ကိုရီးယား(ဝမ်)	၁၀၇၆. ၉၀	၀. ၀၀၀၉၃
ယူရို	၀. ၇၃၂၄၆	၁. ၃၆၅၂၇
ဗြိတိသျှ (ပေါင်)	၀. ၆၃၂၈၃	၁. ၅၈၀၂၂

အင်တာနက်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် နတ်လူထိပ်ပန်ရပ်ကွက် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်ပွဲကို အဆိုပါဆေးခန်း အဆောက်အအုံရှေ့၌ ကျင်းပရာ နတ်လူထိပ်ပန်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်စန်းဦး၊ ဆေးပေးခန်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးချစ်တင်နှင့် ခရိုင်ကျန်းမာရေးဌာနမှ ဦးမြင့်ဆွေတို့ ဆေးခန်းအဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(ခရိုင်ပြန်/ဆက်)

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် UN-Habitat,Myanmar နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် UN-Habitat, Myanmar တို့အကြား Myanmar Safer Settlement Development and Urban Research Programme ဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ ရက် ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးစိုးတင့်နှင့် ဦးကျော်လွင်၊ အထူးအရာရှိ သူရဦးစိန်သောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ UN-Habitat, Myanmar မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် UN-Habitat, Myanmar တို့အကြား Myanmar Safer Settlement Development and Urban Research Programme ဆိုင်ရာ နားလည်မှု စာချွန်လွှာ လက်မှတ်ကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းနှင့် UN-Habitat, Regional Office for Asia Pacific, Regional Director Mr. Toshi Noda တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် UN-Habitat, Myanmar တို့အကြား Myanmar Safer Settlement Development and Urban Research Programme ဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပစဉ်။

(သတင်းစဉ်)

နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lazaro HERRERA MARTINEZ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Lazaro HERRERA MARTINEZ သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကော့မှူးမြို့ အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

ကော့မှူးမြို့ အစိုးရအထက်တန်းကျောင်း၌ ၁၉၅၃ ခုနှစ်မှ ၁၉၇၈ ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများက ဆရာ၊ ဆရာမများအား သတ္တမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ပြည်တော်သာ အမက(ယခင် အထကကျောင်းဟောင်း)၌ ကျင်းပမည်ဖြစ်ရာ ဦးမြသိန်း ဖုန်း-၀၁-၂၄၅၄၆၅၊ ဦးရွှေမြ ဖုန်း-၀၁-၂၁၅၀၅၃၊ ဦးဝင်းမြင့် (နေပြည်တော်) ဖုန်း-၀၆၇-၄၂၀၆၁၇၊ ဒုတိယဗိုလ်မှူးကြီး စိုးဝင်း (ငြိမ်း) ဖုန်း-၀၁-၆၉၉၆၃၇၊ ဦးမောင်မြင့် ဖုန်း-၀၁-၂၉၅၅၂၁၊ ဦးအေးသောင်း ဖုန်း-၀၅၆-၂၁၂၅၂၊ ဦးဝင်းကြိုင်(ရွှေတိဂုံဂေါပကအဖွဲ့ရုံး) ဖုန်း-၀၁-၂၅၁၈၅၁၊ ဗိုလ်မှူးကြီး အောင်မျိုးသန့် ဖုန်း-၀၉-၈၀၃၂၉၇၅၊ ဒေါ်အေးမြင့် ဖုန်း-၀၁-၂၆၄၁၅၈၊ ဦးမြင့်ဆိုင် ဖုန်း-၀၉-၄၉၅၇၂၂၅၉၊ ဦးမြင့်ဆွေ ဖုန်း-၀၁-၂၆၄၁၈၀နှင့် ဦးစောလွင် ဖုန်း-၀၉-၅၁၆၆၂၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်

နေပြည်တော် စက်တင်ဘာ ၁၃

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။

လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ဒေသအလိုက် မိုးကြီးနိုင်ပြီး ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ကာ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၁၃-၉-၂၀၁၁)

ပေါင်	မကွေး
၄ ဒသမ ၈၆ လက်မ	၃ ဒသမ ၅၄ လက်မ
အုတ်ဖို	ဘီးလင်း
၄ ဒသမ ၇၂ လက်မ	၃ ဒသမ ၅၀ လက်မ

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းထံ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးအတွက် အလှူရှင်တစ်ဦးက အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကား ပြောကြားရာတွင် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မကြာမီကျင်းပနိုင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများက ညှိနှိုင်း အစည်းအဝေးများ ကျင်းပပြီး လိုအပ်သောပြင်ဆင်မှုများ ဆောင်ရွက်ပြီးစီးနေကြပြီ ဖြစ်ကြောင်း။

ယခုပြိုင်ပွဲသည် နိုင်ငံတော်အစိုးရသစ် လက်ထက်တွင် ပထမဦးဆုံးအကြိမ်ကျင်းပသည့် ပြိုင်ပွဲကြီးဖြစ်သည့်အတွက် ထူးခြားလေးနက်စေရန်နှင့် ခံ့ညားထည်ဝါစွာ ကျင်းပနိုင်ရန် ပြည့်ပြည့်စုံစုံ ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ပြောင်းလဲလာသည့် အခြေအနေနှင့် အချိန်အခါများအရ ပြိုင်ပွဲ ချီးမြှင့်ဆုများကို တိုးမြှင့်သတ်မှတ်ပေးရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ဦးဆောင်ပံ့ပိုးမှုအားနှင့် အလှူရှင်များ၏ ဒါနစေတနာအား ပေါင်းစပ်နိုင်ရန် ယခုကဲ့သို့ အလှူငွေ ပေးအပ်ပွဲ ကျင်းပရခြင်း ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးတို့၏ အချုပ်အခြာအာဏာ ထာဝစဉ်တည်တံ့ခိုင်မြဲရေးသည် ယင်းနိုင်ငံနှင့် လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဆက်နွှယ်နေသည့် အားလျော်စွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် နောင်လာမည့် သားစဉ်မြေးဆက်သို့ ခိုင်မာကျစ်လျစ်စွာ ထုံးဖွဲ့ထားသည့် မိမိတို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ကို လက်ဆင့်ကမ်းပေးနိုင်စေရန် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ယနေ့ မိမိတို့ မြန်မာနိုင်ငံတော်နှင့် ကမ္ဘာကြီး၏ ဆက်နွှယ်နေပုံကို ပြန်ကြည့်မည်ဆိုလျှင် ပြင်ပနိုင်ငံများမှ ရိုက်ခတ်လာနေသည့် ယဉ်ကျေးမှုဂယက်သည် အရှိန်အဟုန်ပြင်းပြင်းဖြင့် စီးဆင်းနေသော မြစ်ကြီးတစ်စင်းလိုပင် ယင်း၏ရှေ့တွင် ရှိနေသော ကျွန်းများ၊ သောင်ယံများ၊ မြစ်ကမ်းပါးများကို မရှောင်ရှားတော့ဘဲ မြင်မြင်သမျှကို တိုက်စားသွားနေသည့်အလား သဏ္ဌာန်တူနေပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုးသို့ ကူးလူးဆက်ဆံ ဝင်ထွက်သွားလာနေကြသည့် အမြန်နှုန်းသည်လည်း ကြောက်ခမန်းလိလိ ဖြစ်လာကြပြီ ဖြစ်ကြောင်း။

ကမ္ဘာကြီး ရွာငယ်ဟု ခေါ်ဆိုသမုတ်နေကြပြီဖြစ်သည့်အတွက် မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး တာဝန်သည် လူတိုင်း၊ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဆိုသည်မှာ ဖွဲ့နွဲ့ပြောစရာ လိုတော့မည် မထင်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ထားသည့် အာဆီယံပေါင်းစည်းရေးဖြစ်သည့် အာဆီယံအသိုက်အဝန်းထဲက (၁၀)နိုင်ငံတို့ကလည်း ၂၀၁၅ ခုနှစ်တွင် လွတ်လပ်စွာ ဝင်ထွက်သွားလာလှုပ်ရှားနိုင်ခွင့်၊ လွတ်လပ်စွာ စီးပွားရေး ရင်းနှီးမြှုပ်နှံခွင့်၊ သတင်းစီးဆင်းခွင့်၊ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ဝင်ရောက်ခွင့်တို့နှင့်အတူ အိမ်နီးချင်းနိုင်ငံကြီးငယ်များ၏ ယဉ်ကျေးမှုများ လွှမ်းမိုးခံရမှုကို မလွဲမသွေ ကြုံတွေ့လာရမည် ဖြစ်ကြောင်း။

ASEAN+3ဟုခေါ်သော စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှု အရရော၊ လူဦးရေများပြားမှုအရပါ အပေါ်စီးမှ ဝင်ရောက်လာနိုင်သော နိုင်ငံကြီးများ၏ လွှမ်းမိုးမှုကိုလည်း အဘက်ဘက်မှ ခံရဖွယ်ရှိနေသဖြင့် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုများကို မထိခိုက်၊ မပျောက်ပျက်နိုင်စေရန် များစွာသတိထားပြီး ကြိုတင်ဆောင်ရွက်သွားနိုင်ရန် လိုအပ်ကြောင်း။

ယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ မွေးဖွားလာချိန်မှစပြီး သေဆုံးသည်အထိ အချိန်ကာလများ အတွင်း နိစ္စဓူဝ လှုပ်ရှားဆောင်ရွက်နေရသော ဆောင်ရွက်ချက်များဖြစ်ကြပြီး ယင်းတို့၏ အစားအသောက်နှင့် စားသောက်ပုံ၊ အဝတ်အစားနှင့် ဝတ်စားဆင်ယင်ပုံ၊ နေထိုင်သည့် အဆောက်အအုံနှင့် နေထိုင်ကြပုံ၊ အသက်မွေးဝမ်းကျောင်းမှုပုံစံမှအစ ပြောကြားသော ဘာသာစကား၊ ကိုးကွယ်ရာ ဘာသာတရား၊ သင်ကြားလေ့လာရသော စာပေများနှင့် အနုသုခုမပညာရပ်များ အဆုံး စသည်တို့ကို ယေဘုယျအားဖြင့် စုပေါင်းဖော်ညွှန်းခြင်း ဖြစ်ကြောင်း။

ဤသို့ ပင်လယ်သမုဒ္ဒရာတမျှ ကျယ်ဝန်းလှသော ရိုးရာယဉ်ကျေးမှုဆိုသည့် အဝိုင်းအဝန်းကို တော်တန်ရုံ စိတ်ဓာတ်၊ တော်တန်ရုံစိတ်ထားမျိုးနှင့် ထိန်းသိမ်းရန်၊ ထိန်းကျောင်းရန် မလွယ်လှကြောင်း နားလည်သဘောပေါက်ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်လာကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ မြန်မာနိုင်ငံတော်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက် လက်ဆင့်ကမ်း သယ်ဆောင်လာနိုင်ကြသည့်အတွက် ယနေ့ မိမိတို့၏ ရိုးရာယဉ်ကျေးမှု အစုစုတို့သည် ယခုကဲ့သို့ ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါဖြင့် ရပ်တည်နေနိုင်ခဲ့ကြခြင်းပင် ဖြစ်ကြောင်း၊ ကမ္ဘာတည်သရွေ့ မိမိတို့၏ ရိုးရာယဉ်ကျေးမှု တည်တံ့ခိုင်မြဲပျံ့နှံ့နေစေရန်အတွက် ဆက်လက်ကြိုးပမ်းသွားကြရန်သည်လည်း နိုင်ငံသားတိုင်း၏ တာဝန်ပင် ဖြစ်ကြောင်း။

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဝင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးထံ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးအတွက် အလှူရှင်တစ်ဦးက အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိဂုံးချုပ်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပါဝင်ဆင်နွှဲကြရင်း အကောင်းဆုံး ဖြစ်အောင် ဖော်ထုတ်ပြသကြမည့် ပြိုင်ပွဲဝင်အနုပညာရှင်များနှင့်အတူ ဤပြိုင်ပွဲကြီး ပိုမိုခံ့ညား စည်ကားထည်ဝါစေရန်အတွက် တစ်ထောင့်တစ်နေရာက အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် ဝိုင်းဝန်းအားပေး ကူညီကြသည့် ယနေ့အလှူရှင်၊ စေတနာရှင်များ၊ တာဝန်အရ ဝါသနာအရ ပါဝင်ကူညီပေးကြသူ ပုဂ္ဂိုလ်များအားလုံးကို နိုင်ငံကိုယ်စား များစွာကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောက်နောင်လည်း ယခုကဲ့သို့ ပါဝင်လှူဒါန်းနိုင်သူများဖြစ်ကြပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးအတွက် အလှူရှင်များ ဖြစ်ကြသည့် ဇေကမ္ဘာကုမ္ပဏီက ငွေကျပ်သိန်း ၃၀၀၊ ကျောက်စိမ်းနဂါးကုမ္ပဏီနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့က ငွေကျပ်သိန်း ၁၀၀ စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ်သိန်း ၁၅၀ နှင့် ကမ္ဘောဇဘဏ်လီမိတက်က ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ Original Group Co., Ltd.၊ အေဝမ်း ဆောက်လုပ်ရေးကုမ္ပဏီနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာနတို့က ငွေကျပ်သိန်း ၃၀ စီ၊ ထူးကုမ္ပဏီလီမိတက်က ငွေကျပ် ၁၅၅ သိန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနက ငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်သည်။

ယင်းနောက် ရွှေတောင် ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီနှင့် ACE ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့က ငွေကျပ်သိန်း ၂၀ စီ၊ သတ္တုတွင်းဝန်ကြီးဌာနက ငွေကျပ် ၁၁ သိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ စွမ်းအင် ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ အားကစား ဝန်ကြီးဌာန၊ ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်၊ ဧရာရွှေဝါ ကုမ္ပဏီလီမိတက်နှင့် ပညာရေးဝန်ကြီးဌာနတို့က ငွေကျပ် ၁၀ သိန်းစီ အပါအဝင် ဝန်ကြီးဌာနများနှင့် အလှူရှင်များက စုစုပေါင်း ငွေကျပ် ၁၄၁၃၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဦးစီးကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် ဆုချီးမြှင့်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါ်စန္ဒာခင်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ များကို ပြန်လည်ပေးအပ်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၉-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၈။ "မင်းမသိသေးပါဘူးကွာ"
- ၈:၁၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၂၅ ၁၀။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) (ဝါသနာရှင်)(ဒုတိယတန်း အဆင့်) (အမျိုးသား)
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ သီချင်းကြီးပဒေသာ
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၁၅ ၁။ AFF U-19 CHAMPIONSHIP 2011 ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (Myanmar Vs Laos)
- ၅:၁၅ ၂။ တေးဂီတအစီအစဉ်
- ၅:၂၅ ၃။ International Science News
- ၅:၃၅ ၄။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅:၄၅ ၅။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) (ဝါသနာရှင်)(ဒုတိယတန်း အဆင့်) (အမျိုးသမီး)
- ၆:၀၀ ၆။ ညနေခင်းသတင်း
- ၆:၁၅ ၇။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၈။ မြန်မာ့လေ့ရိုးရာလက်ဝှေ့
- ၆:၃၅ ၉။ ရွှေရင်ခုန်သံ
- ၇:၀၀ ၁၀။ အနောက်တောင်မုတ်သုံရာသီလေ ဆုတ်ခွာခြင်းနှင့် နောက်ဆက်တွဲ မိုးလေဝသဖြစ်စဉ်များ
- ၇:၁၀ ၁၁။ မြန်မာ့ယဉ်ကျေးမှု အကအလှများ
- ၇:၃၅ ၁၂။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၁၃)
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ (၁၈)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အရေးဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း
- ၁၇။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၉၃)**
- ၁၉။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ "အတီးပြိုင်ပွဲ" (ဇာတ်တော်ကြီးပြိုင်ပွဲ)(ရုပ်စုံ) "ကူလွိသဒ္ဒိစိတ္တဇာတ်တော်" (ပထမဆု) (တော်ဝင်ရုပ်စုံသဘင်အဖွဲ့) (ရန်ကုန်တိုင်းဒေသကြီး)
- ၂၀။ အစီအစဉ်ပြီး၏။

လက်ကိုင်ဖုန်းသုံးစွဲသူတွေ လိုင်းပြတ်တောက်ခြင်းမဖြစ်ပေါ်စေဖို့

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများသို့ အသုံးပြုခွင့်ပေးထားသည့် ကျပ်ငါးသိန်းတန် CDMA 800MHz၊ ကျပ်ငါးသိန်းတန် CDMA 450 MHz နှင့် ကျပ်ငါးသိန်တန် GSM ဖုန်းများအသုံးပြုရာတွင် ငွေဖြည့်ကတ်မှငွေကို သတ်မှတ်ထားသည့် အချိန်တွင် ငွေထပ်မံမဖြည့်တင်းပါက ဖုန်းဆက်သွယ်မှု လိုင်းပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

မိမိ၏ လက်ကိုင်ဖုန်းတွင် ငွေကျပ် ၁၀၀၀ သာ ကျန်ရှိတော့မည်ဆိုပါက ဖုန်းခေါ်ဆိုခ ထပ်မံဖြည့်တင်းရန်အတွက် မိမိဖုန်းသို့ စာတိုပို့စနစ် (SMS) ဖြင့် အကြောင်းကြားလာမည်ဖြစ်သည်။ ထိုသို့ အကြောင်းကြားလာသည့်အခါ ကျန်ရှိသောငွေကို ကုန်အောင်သုံးစွဲမည်ဆိုပါက လိုင်းပြတ်တောက်သွားမည်ဖြစ်သည်။

ရန်ကုန်ဖုန်းဟု အများခေါ်သည့် 800 MHz ကို ကိုင်ဆောင်အသုံးပြုသူ တစ်ဦးကလည်း သူတွေ့ကြုံခဲ့ရသည်ကို ပြောပြရာမှာ "ကျွန်တော့်ဖုန်း အသုံးပြုနေတဲ့ အချိန်မှာ ကျွန်တော့်ကို Alam ပေးပြီး SMS နဲ့ အကြောင်းကြားလာတယ်။ SMS ကို ဖွင့်ကြည့်လိုက်တော့ ငွေ ၉၃၅ ကျပ်ပဲ ကျန်တော့တယ်လို့ ဖော်ပြထားတယ်။ ဒါပေမယ့် သေချာအောင်ဆိုပြီး *166 နဲ့ ငွေဘယ်လောက်ကျန်လဲ သိရအောင် ခေါ်မေးတော့ ကျန်ငွေကို လုံးဝမေးလို့မရတော့ဘူး။ ဖုန်းကတော့ ခေါ်လို့ရသေးတယ်။ အဲဒါနဲ့ ကျွန်တော်လည်း ငွေကျပ်တစ်သောင်းတန်ကတ် တစ်ကတ်ထပ်ဖြည့်လိုက်တော့မှ အဆင်ပြေသွားတယ်။ *166 နဲ့ ပြန်မေးလိုက်တော့မှ အသစ်ဖြည့်လိုက်တဲ့ငွေနဲ့ ဖုန်းထဲမှာ ကျန်တဲ့ငွေပါပေါင်းပြီး ပြန်ဖြေကြားပေးတယ်"ဟု ပြောပြသည်။

လက်ကျန်ငွေကို လိုင်းပြတ်တောက်သွားအောင် သုံးစွဲမိပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ သွားရောက်၍ လိုင်းပြန်ဖွင့်ရမည်ဖြစ်သည်။ လိုင်းပြန်ဖွင့်သော်လည်း ချက်ချင်းမရနိုင်၍ မိမိ၏ ဖုန်းအား ငွေမကုန်မီ အချိန်မီ ပြန်လည်ဖြည့်ဆည်းပေးရန် လိုပေသည်။ Prepaid Top-up Card တွင် ငွေဖြည့်နည်း၊ ငွေလက်ကျန်မေးနည်းများကို စုံလင်စွာ ဖော်ပြပေးထားသည်။ ကြိုတင်ငွေဖြည့်ကတ်မှ Pin No ခဲကိုခြစ်လျှင်လည်း ဘေးနှစ်ဖက်မှ မခြစ်ရဘဲ အလယ်မှစတင်၍ ဘယ်ညာကို ဖြည်းညင်းစွာ ခြစ်ပေးခြင်းဖြင့် Pin No များ ပျက်စီးခြင်းမှ ကာကွယ်ပေးထားမည် ဖြစ်သည်။ ဘေးဘက်မှ ခြစ်လျှင် နံပါတ်တပ်ထားသော ပလတ်စတစ်ကွာ၍ နံပါတ်များ ပျက်စီးတတ်သောကြောင့် ဂရုစိုက်ရန် လိုအပ်ကြောင်း သိရသည်။ (ကိုကြီးသာ)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြော

ခင်ဦး စက်တင်ဘာ ၁၃

ရွှေဘိုခရိုင် ခင်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်မှ အထောက်အကူပြုလုပ်ငန်းတစ်ရပ်ဖြစ်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာ ပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၈ ရက် ညနေ ၄ နာရီက မြေနီသျှိုကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာနမှ နယ်မြေတာဝန်ခံတောအုပ် ဦးသက်ဉာဏ်ဦးက သစ်တောသစ်ပင်များ ထိန်းသိမ်းကာကွယ်ရေး၊ ဝင်ငွေလည်းရ အရိပ်လည်းရသည့် သီးပင်စားပင်များ စိုက်ပျိုးရေးနှင့် ကျေးလက်ထင်းစိုက်ခင်း၊ သီးနှံသစ်တောရောနှော စိုက်ခင်း၊ ကျေးရွာပိုင် ဝါးစိုက်ခင်းများ စိုက်ပျိုးထူထောင်ရေးတို့ကို ပညာပေးရှင်းလင်း ဟောပြောသည်။ (ကြေးမုံ)

❖ မြန်မာနိုင်ငံမှ

နုတ်ထွက်ခဲ့ပါကြောင်း၊ ဘက်မလိုက်လှုပ်ရှားမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လည်းကောင်း၊ မိမိနိုင်ငံအတွက်လည်းကောင်း အထောက်အကူများစွာ ရရှိနိုင်မည်ဟု ယုံကြည်သဖြင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့သို့ ၁၉၉၂ ခုနှစ် စက်တင်ဘာတွင် ပြန်လည် ဝင်ရောက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)သို့ ၂၃-၇-၁၉၉၇ ရက်နေ့တွင် ဝင်ရောက်နိုင်ခဲ့ခြင်းသည် ထူးခြားသောအောင်မြင်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့အနေဖြင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေး အသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းထူထောင်ရေး လုပ်ငန်းစဉ်များဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘောဒီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအို၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ် မဟာမဲခေါင်ဒေသခွဲ (၆)နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ဂျီအမ်အက်စ်)ကို ၁၉၉၂ ခုနှစ်တွင် စတင်ခဲ့ပြီး ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ(၁၉-၂၀)ရက်များအတွင်း နေပြည်တော်၌ လက်ခံကျင်းပသွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် တောင်အာရှနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံ၊ နီပေါနှင့် ဘူတန်နိုင်ငံများစုပေါင်းဖွဲ့စည်းထားသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဖြစ်သော ဘင်းမ်စတက် (BIMSTEC-Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation) အဖွဲ့သို့ ၂၅-၈-၁၉၉၇ ရက်နေ့တွင် ဝင်ရောက်ခဲ့ပါကြောင်း၊ ဘင်းမ်စတက် အဖွဲ့အနေဖြင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍကြီး(၁၄)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဆိုပါကဏ္ဍ(၁၄)ရပ်အနက် မြန်မာနိုင်ငံက စွမ်းအင်ကဏ္ဍနှင့် စိုက်ပျိုးရေး ကဏ္ဍတွင် ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ အတွင်း လက်ခံကျင်းပသွားမည် ဖြစ်ပါကြောင်း။

ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ-အက်မက်စ် (ACMECS) ၌ မြန်မာနိုင်ငံအနေဖြင့် ကဏ္ဍစုံ ဘက်စုံမှ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၁၂-၁၁-၂၀၀၃ ရက်နေ့တွင် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း(၄)နိုင်ငံ အစိုးရအဖွဲ့အကြီးအကဲများ၏ အစည်းအဝေးကို ပုဂံမြို့၌ ကျင်းပခဲ့ပြီး ပုဂံကြေညာစာတမ်းနှင့်ရှေ့လုပ်ငန်းစဉ်ကို အဆိုပါ လေးနိုင်ငံမှ ဝန်ကြီးချုပ်များက အတည်ပြုခဲ့ပါကြောင်း။

အေစီဒီ (Asia Cooperation Dialogue-ACD) ကို အာဆီယံကဲ့သို့ စာချုပ်စာတမ်း/ကြေညာချက်များဖြင့် တရားဝင်ဖွဲ့စည်းရန်မဟုတ်ဘဲ dialogue ပုံစံဖြင့် အေစီဒီနိုင်ငံအချင်းချင်း အတွေးအခေါ်အယူအဆများ၊ အတွေ့အကြုံများဖလှယ်ရန်၊ အေစီဒီနိုင်ငံများ၏ စွမ်းအားစုများကိုအသုံးချ၍ အာရှနိုင်ငံများအကြားရှိပြီး ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများအား အထောက်အကူပြုကူညီပံ့ပိုးဖြည့်စွက်ပေးရန် ရည်ရွယ်ချက်များဖြင့် ၂၀၀၂ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံ(၁၈)နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း(၃၁)နိုင်ငံအထိ ရှိလာပြီဖြစ်ပါကြောင်း၊ အာရှတိုက်နိုင်ငံများအားလုံး၏ ဘုံအကျိုးကျေးဇူးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ကိုင်နိုင်မည့်နည်းလမ်းများ ရှာဖွေနိုင်ရန် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးများ ပုံမှန်ကျင်းပခဲ့ပါကြောင်း။

ဆာ့ခ် (SAARC-The South Asian Association for Regional Cooperation) အသင်းကြီးကို ၈-၁၂-၁၉၈၅ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် ဆာ့ခ်အဖွဲ့ဝင်နိုင်ငံများဖြစ်သော အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသဖြင့် အာဆီယံနှင့် ဆာ့ခ်အဖွဲ့ဝင်နိုင်ငံများအကြား ပေါင်းကူးသဖွယ်ဆောင်ရွက်ရန် ရည်ရွယ်၍ ၂-၈-၂၀၀၈ ရက်နေ့တွင် ကျင်းပသော ဆာ့ခ်အဖွဲ့၏ (၁၅)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် လေ့လာသူနိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါကြောင်း။

အေဆမ်အဖွဲ့ကို ၁၉၉၆ခုနှစ် မတ်လတွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံသည် ၂၀၀၄ ခုနှစ် အောက်တိုဘာက ဗီယက်နမ်နိုင်ငံ ဟနွိုင်း၌ကျင်းပသော အေဆမ် ၅ ထိပ်သီးအစည်းအဝေးတွင် လာအို၊ ကမ္ဘောဒီးယားတို့နှင့်အတူ အေဆမ်အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါကြောင်း။

သံတမန်ဆက်သွယ်မှုနှင့်စပ်လျဉ်း၍ အစိုးရသစ်ကာလအတွင်း ဘော့စနီးယားဟာစီဂိုဗီးနားနိုင်ငံနှင့် ၂၅-၈-၂၀၁၁ ရက်နေ့တွင် သံတမန်ဆက်သွယ်ခဲ့ရာ ယခုအခါ နိုင်ငံပေါင်း(၁၀၄)နိုင်ငံနှင့် တရားဝင်သံတမန် ဆက်သွယ်ထားပြီး ရင်းနှီးစွာဆက်ဆံလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သံတမန်ဆက်ဆံရေး ဆောင်ရွက်ရာတွင် ပြည်ပတွင်သံရုံးပေါင်း(၃၃)ရုံး၊ ကိုယ်စားလှယ်အဖွဲ့ရုံး(၃)ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး(၄)ရုံးနှင့် ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်ရုံး(၈)ရုံး ဖွင့်လှစ်ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ပြည်ပနိုင်ငံများမှ သံရုံးပေါင်း(၃၁)ရုံး၊ မန္တလေးမြို့တွင် ကောင်စစ်ဝန်ချုပ်ရုံး(၂)ရုံး၊ စစ်တွေမြို့တွင် ကောင်စစ်ဝန်ရုံး(၁)ရုံး၊ ရန်ကုန်မြို့တွင် ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်ရုံး(၃)ရုံး ဖွင့်လှစ်ထားရှိပြီး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကူဝိတ်နိုင်ငံနှင့် တူရကီနိုင်ငံတို့က မြန်မာနိုင်ငံ၌ သံရုံးဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို ကြားသိရပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၏အခြေခံဖြစ်သော ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်နှင့်အညီ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံလျက်ရှိသည်ကို မြန်မာနိုင်ငံမှ ပြည်ပသို့ ချစ်ကြည်ရေးခရီးများသွားရောက်မှုနှင့် ပြည်ပမှချစ်ကြည်ရေးခရီးလာရောက်မှုတို့က သက်သေပြလျက်ရှိပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည်လည်း ချစ်ကြည်ရေးခရီးများ၊ ကုလသမဂ္ဂအဖွဲ့ကြီးအပါအဝင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများနှင့် ပတ်သက်သည့် အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြပါကြောင်း။

သို့ဖြစ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်အညီ ကမ္ဘာငြိမ်းချမ်းရေးနှင့်နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးကို ရှေးရှုပြီး ဒေသတွင်းနှင့်အခြားနိုင်ငံများ၊ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်နှင့်အညီ နိုင်ငံအတွင်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာနှင့် ပြည်တွင်းမှရင်းနှီးမြှုပ်နှံမှုများ အခြေအနေနှင့်အစိုးရသစ်ကာလ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုအခြေအနေများကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အထူးစီးပွားရေးဇုန်ဥပဒေနှင့် ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေတို့ကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းဥပဒေများအနက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို စတင်ပြဋ္ဌာန်းခဲ့သည့် ၁၉၈၈ ခုနှစ် နိုဝင်ဘာမှစ၍ ၂၀၁၁ ခုနှစ် ဩဂုတ်လကုန်အထိ နိုင်ငံပေါင်း(၃၁)နိုင်ငံမှ လုပ်ငန်းအရေအတွက်(၄၅၄)ခု၊ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၃၆ ဒသမ ဝ၇၃) ဘီလီယံခန့် ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို စတင်ပြဋ္ဌာန်းခဲ့သည့် ၃၁-၃-၁၉၉၄ ရက်နေ့မှ ၂၀၁၁ ခုနှစ် ဩဂုတ်လကုန်အထိ လုပ်ငန်းပေါင်း(၈၀၇)ခု၊ ပမာဏ အမေရိကန်ဒေါ်လာ(၂ ဒသမ ၁၉)ဘီလီယံနှင့် မြန်မာကျပ်(၁၄၂၄ ဒသမ ဝ၃) ဘီလီယံ ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ အစိုးရသစ်ကာလ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ဆဲလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ(၁၉ ဒသမ ၃)သန်း တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး နိုင်ငံသားရင်းနှီးမြှုပ်နှံမှု(၁)ခု ပမာဏကျပ်(၆ ဒသမ ၁၅)ဘီလီယံ ထပ်မံခွင့်ပြုခဲ့ပါကြောင်း၊ ဆောင်ရွက်ဆဲ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ကျပ်(၁၃ ဒသမ ၄၁)သန်းကို ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၈)ဘီလီယံတန်ဖိုးရှိ ထားဝယ်အထူးစီးပွားရေးဇုန်ကို စတင်အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

နိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်လာစေရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်ရေးဆွဲလျက်ရှိပြီး လွှတ်တော်အသီးသီးမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် စီစဉ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုကိစ္စများ ဆောင်ရွက်ရန်အတွက် စိတ်ဝင်စားသည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံလိုသူများ အများအပြားရှိနေပြီး ၁-၄-၂၀၁၁ရက်နေ့မှ စက်တင်ဘာ ၉ ရက်အထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လာရောက်တွေ့ဆုံဆွေးနွေးသည့် အဖွဲ့ပေါင်း

ဟိုတယ်နှင့် ခရီး သွားလာရေး လုပ်ငန်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် ရှင်းလင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

(၂၀)ခန့်ရှိကာ ဥပဒေ လုပ်ထုံးလုပ်နည်းအချို့ ပြင်ဆင်မှုပြီးသည်နှင့် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်ရန် စောင့်ဆိုင်းလျက်ရှိကြပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပြင်ဆင်ဆောင်ရွက်မှုများ ပြီးဆုံး၍ ထုတ်ပြန်ကြေညာပြီးနောက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာနိုင်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုသည် မောင်းနှင်အားတစ်ရပ် ဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး ခွင့်ပြုဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွားမထိခိုက်ရေး၊ နိုင်ငံတော်၏ဂုဏ်သိက္ခာမထိခိုက်ရေး၊ အချုပ်အခြာ အာဏာမထိခိုက်ရေး၊ သဘာဝပတ်ဝန်းကျင်မထိခိုက်ရေး၊ ဒေသခံပြည်သူများ၏ လူမှု

ကော့ကရိတ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်ဇော် မေးမြန်းစဉ်။ (သတင်းစဉ်)

ဖြူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးညွန့်လှိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

စီးပွား မထိခိုက်ရေးတို့အတွက် အလေးထားဆောင်ရွက်ရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ကျန်းမာရေးကဏ္ဍဆိုင်ရာမေးခွန်း(၄)ခုကို မေးမြန်းခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြန်လည်ဖြေကြားသည်။

ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင်၏ **ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် လူဦးရေ (၂၇၀၀၀၀) ကျော်ရှိပြီး မြို့နယ်ဆေးရုံကို ၁၉၃၀ ပြည့်နှစ်တွင် (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ်လည်းကောင်း၊ ၁၉၇၀ ပြည့်နှစ်တွင် ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ် လည်းကောင်း တိုးမြှင့်ခဲ့ပါကြောင်း၊ ယခုအခါ အလှူရှင်များ၏လှူဒါန်းမှုကြောင့် ဖြူးမြို့နယ်ဆေးရုံ၌ ပင်မအဆောက်အအုံ နှစ်ထပ်ဆောင်တစ်ဆောင်၊ အမျိုးသား လူနာကုတစ်ထပ်ဆောင် တစ်ဆောင်၊ အမျိုးသမီးလူနာကုတစ်ထပ်ဆောင် တစ်ဆောင်၊ ခွဲစိတ်ကုသခန်းနှင့် သားဖွားခန်းတစ်ထပ်ဆောင် တစ်ဆောင်၊ ဂါလန်(၃၂၀၀)ဆံ့ ရေစင်နှင့်ရေစက်အပြီးစီ တွင်းတစ်စုံ၊ 325kVA Transformer တစ်လုံး၊ အရေးပေါ် 25kVA Generator တစ်လုံး၊ လူနာစောင့်များနေရန် တစ်ထပ်ဆောင်တစ်ဆောင်နှင့် ဆေးရုံကားရပ်ရန် Parking နေရာအပါအဝင် လစဉ် မန်းအောင်ငြိမ်းဖောင်ဒေးရှင်းက အလှူငွေဆယ်သိန်းနှင့် ဆင်းရဲသောလူနာများအတွက် ဆေးဖိုးထောက်ပံ့လျက်ရှိပါ ကြောင်း၊ သို့ဖြစ်၍ ခုတင်(၁၀၀)ဆံ့ဆေးရုံအဖြစ် တိုးမြှင့်နိုင်သည့်အခြေအနေ ရှိနေပြီဖြစ်သောကြောင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်သည် စတုဂံနယ်မြေဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားဆောင်ရွက်ရန်သတ်မှတ်ထားသော နယ်မြေ(၆)ခုတွင် တစ်ခုအပါ အဝင်ဖြစ်ပါကြောင်း၊ အဆိုပါသတ်မှတ်ချက်အရ ဖြူးမြို့နယ် ပြည်သူ့ဆေးရုံကို လက်ရှိ ခုတင်(၅၀)ဆံ့ဆေးရုံအဆင့်မှ ခုတင်(၁၀၀)ဆံ့ဆေးရုံ အဆင့်သို့ တိုးမြှင့်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းသည် နိုင်ငံတော်အစိုးရ၏**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မေးမြန်း ချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ဈေးကွက်စီးပွားရေးစနစ်အရ တိုင်းရင်းသားလုပ်ငန်းရှင်၊ အတတ်ပညာရှင်၊ အသိပညာရှင်များက နိုင်ငံခြားဆေးဝါးထုတ်လုပ်ခြင်းတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်လာနိုင်စေရန် နိုင်ငံတော်အစိုးရက ဥပဒေအမှတ်(၇/၉၂) အမျိုးသားဆေးဝါး ဥပဒေပြဋ္ဌာန်း၍ ဥပဒေနှင့်အညီ ၁၉၉၈ ခုနှစ်တွင် ခွင့်ပြုချက်ပေးခဲ့သဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိရာမှ ၂၀၀၄ ခုနှစ်တွင် ဆေးဝါးထုတ်လုပ်ခွင့်စက်မှုလုပ်ငန်းလိုင်စင်များကို အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ခွင့်ပြုချက်များမရရှိသဖြင့် ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်း ရပ်ဆိုင်းနေခြင်းကို ပြန်လည် လုပ်ကိုင်ခွင့်ပြုရန်နှင့် စက်ရုံသစ်များတိုးချဲ့တည်ထောင်၍ လုပ်ကိုင်ခွင့်ပြုရေးတို့ကို ဥပဒေများထုတ်ပြန်၍ ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာ(၄/၉၃)တွင် ဆေးဝါးထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ လိုင်စင်လျှောက်ထားရန်နှင့် ဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ရရှိသူ လိုက်နာရမည့်အချက်များကို ပြဋ္ဌာန်းဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်၏ **ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ကျန်းမာရေးဆိုင်ရာ ဆေးရုံ၊ ဆေးခန်းပေါင်း(၇၈)ခုရှိပြီး အခြားမြို့နယ်များမှ လူနာများကလည်း ဘားအံပြည်သူ့ဆေးရုံသို့ လာရောက်ဆေးကုသခံယူမှု ရှိပါကြောင်း၊ လက်ရှိဆေးရုံအဆောက်အအုံနှင့် လုံလောက်မှုမရှိပါသဖြင့် ဆေးရုံအဆောက်အအုံသစ်များ တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ဘားအံမြို့ပြည်သူ့ ဆေးရုံကြီးတွင် (၃)ထပ်ဆောင် အဆောက်အအုံ (ထိခိုက်ဒဏ်ရာနှင့်အရိုး လူနာ၊ ကလေးလူနာဌာန၊ မျက်စိ၊ နား၊ နှာခေါင်းလူနာဌာနအဆောင်) တစ်ခုကို ဆောက်လုပ်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ဆေးရုံအုပ်ကြီး၏ တင်ပြချက်အရ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်မှစ၍ ငွေလုံးငွေရင်းရန်ပုံငွေတွင် ထည့်သွင်းလျာထားရန် ဦးစားပေး အစီအစဉ်အရ စိစစ်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၏ **ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်း ခွဲဝေချထားမှုများနှင့်ပတ်သက်၍ လွန်ခဲ့သော (၅)နှစ်အတွင်း ကျန်းမာရေးကဏ္ဍအတွက် မည်သို့ခွဲဝေခဲ့သည်၊ လက်ရှိ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးကဏ္ဍ ဘဏ္ဍာငွေအသုံးစရိတ်သည် အစိုးရအဖွဲ့တစ်ခုလုံးအသုံးစရိတ်၏ အချိုးအစားမည်မျှရှိသည်နှင့် ရေရှည်တွင်အခြားနိုင်ငံများနည်းတူ ကျန်းမာရေးကဏ္ဍအတွက် တိုးတက်သုံးစွဲရန် အစီအမံများ ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လွန်ခဲ့သော(၅)နှစ်အတွင်း ကျန်းမာရေးကဏ္ဍအတွက် ဘဏ္ဍာငွေအသုံးစရိတ်သည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှစာရင်းများအရ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ကျပ်(၄၂ ဒသမ ၆၇၅) ဘီလီယံဖြစ်ပြီး အစိုးရအဖွဲ့တစ်ခုလုံးအသုံးစရိတ်၏(၁ ဒသမ ၁၆)ရာခိုင်နှုန်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ကျပ်(၄၃ ဒသမ ၃၀၆)ဘီလီယံဖြစ်ပြီး အစိုးရအဖွဲ့တစ်ခုလုံးအသုံးစရိတ်၏ (ဝ ဒသမ ၈၈) ရာခိုင်နှုန်း၊၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ကျပ်(၄၅ ဒသမ ၈၂၁)ဘီလီယံဖြစ်ပြီး အစိုးရအဖွဲ့တစ်ခုလုံးအသုံးစရိတ်၏ (ဝ ဒသမ ၈၆)ရာခိုင်နှုန်း၊၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကျပ်(၅၅ ဒသမ ၈၃၆)ဘီလီယံဖြစ်ပြီး အစိုးရ အဖွဲ့တစ်ခုလုံးအသုံးစရိတ်၏ (ဝ ဒသမ ၈၉) ရာခိုင်နှုန်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ကျပ်(၇၇ ဒသမ ၂၅၉)ဘီလီယံဖြစ်ပြီး အစိုးရအဖွဲ့တစ်ခုလုံးအသုံးစရိတ်၏ (ဝ ဒသမ ၉၈)ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ လက်ရှိ ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးကဏ္ဍ ဘဏ္ဍာငွေအသုံးစရိတ်သည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှစာရင်းများအရ အစိုးရအဖွဲ့တစ်ခုလုံး အသုံးစရိတ်၏ (၁ ဒသမ ၁၄)ရာခိုင်နှုန်းရှိပါကြောင်း။

ရေရှည်တွင် အခြားနိုင်ငံများနည်းတူ ကျန်းမာရေးကဏ္ဍအတွက် တိုးတက်သုံးစွဲရန် အစီအမံများရှိပါကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်းများ၊ သုတေသနနှင့်ဖွံ့ဖြိုးမှု လုပ်ငန်းများ၊ ကျေးလက်နေပြည်သူများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆေးရုံကြီးများအသစ်ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ အသစ်ဖွင့်လှစ်ခြင်း၊ ခေတ်မီဆေးရုံသုံးစက်ပစ္စည်းကိရိယာများနှင့် ဆေးဝါးပိုမိုဝယ်ယူဖြည့်တင်းပေးခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်းတို့အတွက် ရန်ပုံငွေများ ပိုမိုတောင်းခံသုံးစွဲသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက လျှပ်စစ်ဓာတ်အားကဏ္ဍဆိုင်ရာ မေးခွန်း(၂)ခုကို မေးမြန်းခဲ့ရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြန်လည်ဖြေကြားသည်။

ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်၏ **ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းဖြန့်ဝေပေးနိုင်လျှင် စက်ရုံ၊ အလုပ်ရုံများတည်ထောင်နိုင်ပြီး အလုပ်အကိုင်ရှားပါးမှုနှင့်အလုပ်လက်မဲ့ပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဝေပေးပါက သထုံ၊ ဘားအံ၊ မော်လမြိုင်သို့ သွယ်တန်းဖြန့်ဝေထားသော မဟာဓာတ်အားလိုင်းမှ ဓာတ်အားဖြတ်ယူ၍အသုံးပြုနိုင်ကြောင်း လေ့လာသိရှိရသဖြင့် အများပြည်သူလျှပ်စစ်ဓာတ်အား လုံလောက်စွာ သုံးစွဲနိုင်ရန် မဟာဓာတ်အားလိုင်းသွယ်တန်းဖြန့်ဝေပေးနိုင်မည့် အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လက်ရှိကော့ကရိတ်မြို့တွင် မီးသုံးစွဲသူ(၁၄၆၃)ဦးရှိပြီး (၈၆၀)ကေဗွီအေ စကိုဒါစက်(၂)လုံး နှင့်(၁၀၀)ကေဗွီအေ စကိုဒါစက်(၁)လုံးတို့ဖြင့် တပ်ဆင်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ နောင် လျှပ်စစ်ဓာတ်အားပိုမိုထွက်ရှိလာမည့် အခြေအနေများအပေါ်မူတည်၍လည်းကောင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုကို ရည်မှန်း၍ လည်းကောင်း ကရင်ပြည်နယ်အတွင်း တိုးချဲ့ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်ပြီး သထုံမြို့အထိ ရောက်ရှိပြီးဖြစ်သော (၂၃၀)ကေဗွီမဟာဓာတ်အားလိုင်းကို

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❑

❑ **စာမျက်နှာ ၄ မှ**

ကော့ကရိတ်မြို့အထိ ဓာတ်အားပို့လွှတ်ရန် စီမံကိန်းသတ်မှတ်ထားပြီး ဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းတွင် သထုံ-ကော့ကရိတ် (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း (၈၅)မိုင်၊ ကော့ကရိတ်မြို့တွင် (၂၃၀/၆၆)ကေဗွီ၊ (၁၀၀) အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်ပါကြောင်း၊ ထို့ပြင် ကော့ကရိတ်မှ မြဝတီသို့ဆက်လက် ဓာတ်အားပို့လွှတ်နိုင်ရေးအတွက် စီမံကိန်းသတ်မှတ်ထားရှိပြီး ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်၏ **ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့တွင် လက်ရှိသုံးစွဲနေသည့် လျှပ်စစ်ဓာတ်အားကို ပြင်ဦးလွင်ဓာတ်အားခွဲရုံမှတစ်ဆင့် မဟာဓာတ်လိုင်းမှ ပို့လွှတ်လျက်ရှိပြီး ကျေးရွာပေါင်း(၁၉၆)ရွာတွင်ရှိသော ပြည်သူများ အနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု မရှိခဲ့သေးပါသဖြင့် နောင်ချိုမြို့တွင် ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်ပေးမည်ဆိုပါက စက်ရုံ၊ တပ်ရင်းတပ်ဖွဲ့များအပြင် ကျေးလက်ဒေသအချို့ပါ လျှပ်စစ်ဓာတ်အားတိုးချဲ့သုံးစွဲရရှိနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နောင်ချိုမြို့တွင် ဓာတ်အားခွဲရုံတည်ဆောက်ပေးနိုင်မည့်အစီအစဉ် ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ နောင်ချိုမြို့နယ်ကို လက်ရှိအခြေအနေအားဖြင့် ပြင်ဦးလွင်ဓာတ်အားခွဲရုံမှတစ်ဆင့် (၃၃)ကေဗွီ ဓာတ်အားလိုင်းနှင့်ဓာတ်အားပေးထားသော (၃၃/၁၁)ကေဗွီ၊ (၅)အမ်ဗွီအေ ကျွန်းတစ်ပင်ဓာတ်အားခွဲရုံမှ တစ်ဆင့် (၁၁) ကေဗွီဓာတ်အားလိုင်း (၂၁ဒသမ၅)မိုင်ဆွဲပြီး ဓာတ်အားပေးထားပါကြောင်း၊ ဓာတ်အားပေးထားသော(၁၁/၀ဒသမ၄)ကေဗွီ ထရန်စဖော်မာ စုစုပေါင်း(၂၅)လုံးရှိပြီး တပ်ဆင်ဝန်အား(၃၆၈၀)ကေဗွီအေ ရှိပါကြောင်း၊ နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ပိုမိုထွက်ရှိလာမည့်ဓာတ်အားပမာဏနှင့် လိုက်လျောညီထွေရှိမည့် ဓာတ်အားစနစ်တိုးချဲ့ပို့လွှတ်နိုင်ရေး အထူးစီမံကိန်းများချမှတ်ဆောင်ရွက်ရင်း ဒေသအသီးသီးကိုလည်း လျှပ်စစ်ဓာတ်အားတိုးချဲ့ဖြန့်ဖြူးရန် စီမံချက်များလျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ နောင်ချိုမြို့နယ်အတွင်း အများပြည်သူအတွက် ဓာတ်အားပိုမိုအသုံးပြုနိုင်ရန် လာမည့်ဘဏ္ဍာရေးနှစ်များအတွင်း ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းကို ထည့်သွင်းလျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"**တို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌက တင်သွင်းသည်။

ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းသူမရှိသည့်အတွက် ဥပဒေကြမ်း(၂)ခု နှင့်ပတ်သက်သည့် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာပါ ပြင်ဆင်ချက်တို့ကို အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၉၊ နည်းဥပဒေခွဲ(ဃ) အရ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ချက်ဖြင့် အတည်ပြုနိုင်ရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ "အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန်" အဆိုနှင့် "အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန်"အဆိုတို့ကို လွှတ်တော်က သဘောတူသည့်အတွက် ယင်းဥပဒေကြမ်းများကို ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အဆိုဆွေးနွေးခြင်းကဏ္ဍတွင် စက်တင်ဘာ(၉)ရက်နေ့က တင်သွင်းခဲ့သော ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **"ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှု လျှော့ပါးရေး"**အဆိုကို တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင်၊ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထွန်းထွန်းဦး၊ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း၊ အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ)ဦးခိုင်မောင်ရည်နှင့် ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးသန်းမြင့်တို့က ဆွေးနွေးကြရာတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး၊ လျှပ်စစ်ဓာတ်အားဖူလုံမှုရှိစေရေး၊ မွေးမြူရေးကို အခြေခံသော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး၊ ချင်းတောင်သစ်ခွပန်းများကို ပြန်လည်ပြုစုပျိုးထောင်ပြီး တရားဝင်စီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး၊ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်အောင် ဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်ပေးသင့်ပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဆွေးနွေးရာတွင် ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေး အစီအစဉ်ကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက နိုင်ငံတော်စီမံကိန်းအဖြစ် ၂၀၀၃-၂၀၀၄ခုနှစ်မှ စ၍ အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၁-၂၀၁၂ ခုနှစ် ဇူလိုင်လကုန်အထိ ချင်းပြည်နယ်တွင် (၆၇၈၃)ဧက ဖော်ထုတ်ပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ လက်ဖက်ဧက(၂၀၄၀၀)အထိ စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ ကျပ်သိန်း (၁၂၃၇ဒသမ၆၂)တန်ဖိုးရှိ လက်ဖက်မျိုးစေ့များကို အခမဲ့ဖြန့်ဖြူးပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဖော်ဆောင်ရမည့်လုပ်ငန်းစဉ်(၈)ရပ်အနက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွက် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးမှုအားနည်းနေသည့် ဒေသများတွင် လယ်ယာကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရန်နှင့်သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့်စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ ပြန့်ပွားလာစေရေးကို စည်းရုံးပညာပေးနည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နှစ်ရှည်သစ်သီးဝလံများဖြစ်သည့် လက်ဖက်၊ ထောပတ်၊ သစ်အယ်၊ ဆပ်ဆူမာ၊ ဂရိတ်ဖရု၊ ကိုရီးယား သစ်တော် စသည့်ပျိုးပင်များကို ချင်းပြည်နယ်တွင်ရှိသော ကျောဘုတ်၊ ဘော်ခွီး၊ လုံပီးနှင့်ရမ်ကလောင်ခြံများမှ ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ချင်းပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ပြည်နယ်ဖြစ်သည့်အတွက် ထွက်ရှိလာသောသီးနှံများကို ကုန်ကြမ်းအဖြစ်တင်ပို့ခြင်းထက် ကုန်ချောအဖြစ်တင်ပို့မှသာ ပိုမိုအဆင်ပြေ လွယ်ကူမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကုန်ကြမ်းမှကုန်ချော ထုတ်လုပ်သောနည်းများ သင်ကြားပေးခြင်းဖြင့် ကုန်ချောများကို ပြည်တွင်းပြည်ပ ဈေးကွက်များသို့ တင်ပို့နိုင်ပြီး ဈေးကွက်ဝေစုရရှိကာ ဒေသဖွံ့ဖြိုးရေးအတွက် အထောက် အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

သိပ္ပံနည်းကျစိုက်ပျိုးရေး နည်းစနစ်များကိုလည်း သင်တန်းများဖြင့်ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ ချင်းပြည်နယ်မှ တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသား(၂၆)ဦးအား စိုက်ပျိုးရေးတက္ကသိုလ် တက်ရောက်ရန် ရွေးချယ်ထားပြီးဖြစ်ပါကြောင်း၊ ချင်းပြည်နယ်သည် သဘာဝဆေးဖက်ဝင်သစ်ခွမျိုးများစွာ ပေါက်ရောက်သည့် ဒေသဖြစ်ပါကြောင်း၊ ဒေသနှင့်ကိုက်ညီပြီး ရှားပါးသစ်ခွ၊ ဈေးကောင်းရသော သစ်ခွမျိုးများကို တစ်သျှူးနည်းဖြင့် မွေးမြူဖြန့်ဖြူးပြီး တောင်သူများတစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် နိုင်ငံခြားကို ဥပဒေနှင့်အညီ တင်ပို့လာနိုင်မည်ဖြစ်သည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ရန်ပုံငွေရရှိမှု၊ အကောင်အထည်ဖော်နိုင်မှုများအပေါ် မူတည်ပြီး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ရှင်းလင်းဆွေးနွေးရာတွင် ချင်းပြည်နယ်၏ နွားနောက်၊ မွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ၂၀၀၃ ခုနှစ် ဩဂုတ်တွင် နွားနောက်မွေးမြူရေး ချေးငွေကျပ်သိန်း (၁၀၀၀) ကိုလည်းကောင်း၊ ၂၀၀၆ ခုနှစ် ဇူလိုင်တွင် ဒုတိယအကြိမ် ကျပ်သိန်း(၅၀၀)ကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ် နိုဝင်ဘာတွင် တတိယအကြိမ် ကျပ်သိန်း(၁၅၀၀)ကို လည်းကောင်း ချေးငွေရရှိနိုင်ရေး ထောက်ပံ့ဆောင်ရွက်ပေးခဲ့ပါကြောင်း။

မွေးမြူရေးကိုအခြေခံသော စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဗဟိုအဖွဲ့အနေဖြင့် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ အဆင့်ဆင့်ဖွဲ့စည်းပြီး လုပ်ငန်းအစီအမံများချမှတ် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မြို့နယ်ကျေးရွာအလိုက် နွားနောက်မွေးမြူရေး အစုအဖွဲ့၊ ဝက်မွေးမြူရေးအစုအဖွဲ့၊ ဆိတ်မွေးမြူရေးအစုအဖွဲ့များဖွဲ့ပြီး စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်မှ စီးပွားရေးတိုးတက်မည်ဖြစ်ပါကြောင်း၊ ယင်း အစုအဖွဲ့များဖွဲ့ပြီး လိုအပ်သောငွေကြေးအရင်းအနှီးနှင့် နည်းပညာများ ဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရနှင့်ဌာနဆိုင်ရာများ ညှိနှိုင်း ပညာပေး ပံ့ပိုး ဆောင်ရွက်သွားမည့် အစီအမံများအတိုင်း အကောင်အထည်ဖော်သွားရမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဆွေးနွေးရာတွင် နတ်မတောင်အမျိုးသားဥယျာဉ်တွင် သစ်ခွမျိုးစိတ်(၁၀၉)မျိုးရှိသည်ကို မှတ်တမ်းတင်ထားရှိပါကြောင်း၊ ၎င်းတို့အနက် အဖိုးတန်ဆေးဖက်ဝင် သစ်ခွမျိုးစိတ်(၁၇)မျိုး ဖော်ထုတ်တွေ့ရှိခဲ့ပါကြောင်း၊ ချင်းပြည်နယ်တွင် ရှားပါးသစ်ခွမျိုးစိတ်များကို တောတွင်းမှ ထုတ်ယူစုဆောင်းခြင်း၊ တရားမဝင်ရောင်းဝယ်ခြင်းများကြောင့် သစ်ခွမျိုးစိတ်များ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိပါကြောင်း၊ ဒေသခံများအား သဘာဝတောတွင်း သစ်ခွရိုင်းများကို စုဆောင်းထုတ်ယူခြင်းကိုခွင့်မပြုဘဲ မျိုးပွားစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ရေရှည်တွင်မျိုးတုံးမှုအန္တရာယ်မှ ကာကွယ်တားဆီးနိုင်ရန်အတွက် သစ်တောဦးစီးဌာနက ကျယ်ကျယ်ပြန့်ပြန့် ပညာပေးစည်းရုံးခြင်း၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပေါင်းစပ်ပြီး သစ်ခွ တစ်ပိုင်တစ်နိုင်စိုက်ပျိုးထုတ်လုပ်ခြင်းများကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ ဘုရင်မသီရိခေတ် ရုက္ခဗေဒဥယျာဉ်မှ ကျွမ်းကျင်ပညာရှင်များကို ဖိတ်ခေါ်ပြီး မင်းတပ်မြို့နယ် ဟီးလောင်းကျေးရွာ၊ ကန်ပက်လက်မြို့နယ် ရဲလောင်းပန်းနှင့် အိုတ်ဖိုကျေးရွာများမှ ဒေသခံပြည်သူများအား သစ်ခွမျိုးပွားစိုက်ပျိုးနည်းများကို စာတွေ့လက်တွေ့ လေ့ကျင့်သင်တန်းပေးဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ လာမည့် ဒီဇင်ဘာတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ ဘုရင်မသီရိခေတ် ရုက္ခဗေဒဥယျာဉ်သို့ သင်တန်းသားများစေလွှတ်ပြီး သစ်ခွမျိုးပွားစိုက်ပျိုးနည်းများကို လက်တွေ့သင်ယူစေမည်ဖြစ်ပါကြောင်း၊ အဆိုပါ သင်တန်းသားများက နတ်မတောင်နယ်မြေမှဒေသခံများအား သစ်ခွစိုက်ပျိုးနည်းများ ဆင့်ပွားသင်ကြားပေးမည် ဖြစ်ပါကြောင်း။

သစ်တောဦးစီးဌာနအနေဖြင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၊ မာကီနို ရုက္ခဗေဒဥယျာဉ်တို့နှင့်ပူးပေါင်းပြီး အဖိုးတန်ရှားပါးဆေးဖက်ဝင် အပင်မျိုးစိတ်များနှင့် ဆေးဖက်ဝင်သစ်ခွမျိုးစိတ်များ ဖော်ထုတ်ထိန်းသိမ်းသည့် သုတေသန စီမံကိန်းတစ်ခုကို လက်ရှိဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ စီမံကိန်းလုပ်ငန်းစဉ်များတွင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးကို ထိုင်းနိုင်ငံ ကာဆက်ဆပ်တက္ကသိုလ်သို့စေလွှတ်၍ တစ်သျှူးမျိုးပွားနည်းဖြင့် သစ်ခွမျိုးပွားမှုပညာရပ်ကို သင်ယူရန်နှင့် နတ်မတောင်နယ်မြေမှ ရှားပါးသစ်ခွမျိုးများကို တစ်သျှူးမျိုးပွားနည်းဖြင့် မျိုးပွားစိုက်ပျိုးရန်အစီအစဉ် ထည့်သွင်းထားပါကြောင်း၊ သို့ဖြစ်၍ မာကီနိုရုက္ခဗေဒဥယျာဉ်နှင့်ပူးပေါင်းပြီး နတ်မတောင်အမျိုးသားဥယျာဉ်တွင် သစ်ခွမျိုးပွားသင်တန်းများကို ဒေသခံများအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် သစ်ခွမျိုးပွားစခန်းတစ်ခု တည်ထောင်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဆွေးနွေးရာတွင် ချင်းပြည်နယ်အနေဖြင့် နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားမရရှိသေးသော်လည်း လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန်၊ ကျီခါး၊ ရိဒ်ခေါဒါရ်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ရေဇွာမြို့များတွင် ပြည်နယ်/ခရိုင်/မြို့နယ်/မြို့နယ်ခွဲ/မြို့ လျှပ်စစ်ရုံးများ စုစုပေါင်း(၁၁)ရုံး ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်နယ်တစ်ခုလုံးတွင် မီးစက်(၂၃)လုံးဖြင့် ဓာတ်အားပေးလျက်ရှိပြီး နိုင်ငံတော်က စက်သုံးဆီ တစ်လ(၃၆၄၀)ဂါလန် ကျခံအသုံးပြုလျက်ရှိပါကြောင်း၊ ကန်ပက်လက်၊ ရေဇွာ၊ ထန်တလန်၊ ရိဒ်ခေါဒါရ်နှင့် ကျီခါး စုစုပေါင်းမြို့ (၅)မြို့တွင် မီးစက်သီးသန့်ဖြင့် တစ်ရက်လျှင်(၂)နာရီ ဓာတ်အားပေးလျက်ရှိပါကြောင်း၊ ရေအားလျှပ်စစ်စက်ရုံများရှိသော ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ စုစုပေါင်း(၆)မြို့တွင် တစ်နှစ်လျှင် ဇူလိုင်မှဇန်နဝါရီအထိ (၇)လကို (၂၄)နာရီဓာတ်အားဖြန့်ဖြူးပေးပြီး ကျန်လများတွင် ရေနည်းသွားသည့်အတွက် ဒီဇယ်စက်များနှင့်တွဲ၍ တစ်ရက်လျှင်(၆)နာရီ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ပိုမိုထွက်ရှိလာမည့် အခြေအနေများကို မျှော်ကိုးပြီး နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်ပြီးဖြစ်သော ကျောမှတစ်ဆင့် ဂန့်ဂေါသို့ (၆၆)ကေဗွီ ဓာတ်အားလိုင်း မိုင်(၃၀)တည်ဆောက်ခြင်းနှင့် ဆက်စပ်ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းတို့ကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း စတင်စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်၍ ဂန့်ဂေါ-ဟားခါး(၆၆)ကေဗွီ ဓာတ်အားလိုင်း မိုင်(၆၀)၊ ဟားခါး-ဖလမ်း-သိုင်းငင်း-ကလေး-ကလေးဝ(၆၆)ကေဗွီ ဓာတ်အားလိုင်း မိုင်(၉၀)၊ ကလေး-တမူး (၆၆)ကေဗွီ ဓာတ်အားလိုင်း မိုင်(၇၀)၊ ပေါက်-မင်းတပ်(၆၆)ကေဗွီ ဓာတ်အားလိုင်း(၃၅)မိုင်၊ မင်းတပ်-မတူပီ(၆၆)ကေဗွီဓာတ်အားလိုင်း မိုင်(၁၁၀)နှင့် ဆက်စပ်ဓာတ်အားခွဲရုံများကို အထူးစီမံကိန်းများအဖြစ် ရည်မှန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းများပြီးစီးပါက ချင်းပြည်နယ်ရှိ ဟားခါး၊ ဖလမ်း၊ သိုင်းငင်းအထိ နိုင်ငံတော်ဓာတ်အားစနစ်မှ တစ်ဆင့် ဓာတ်အားပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ သိုင်းငင်းသို့ ဓာတ်အားရောက်ရှိပြီးပါက တီးတိန်၊ တွန်းဇံ၊ ကျီခါးမြို့များကို ဓာတ်အားလိုင်းဆက်သွယ်ပြီး ဓာတ်အားပေးသွားနိုင်မည် ဖြစ်ပါကြောင်း။

တစ်ဖန် လေးမြို့ရေအားလျှပ်စစ်စီမံကိန်း၊ စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်းများ ပြီးစီးပါက ရခိုင်ပြည်နယ် ကျောက်တော်မြို့မှတစ်ဆင့် ချင်းပြည်နယ် ပလက်ဝမြို့သို့ ဓာတ်အားလိုင်းဆက်သွယ်ပို့လွှတ်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ပြင် ပေါက်-မင်းတပ်-မတူပီဓာတ်အားလိုင်း တည်ဆောက်ပြီးပါက မကွေးတိုင်းဒေသကြီး ဆောမြို့မှတစ်ဆင့် ချင်းပြည်နယ် ကန်ပက်လက်မြို့သို့ ဓာတ်အားလိုင်းဆက်သွယ်ပို့လွှတ်နိုင်မည် ဖြစ်ပါကြောင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ပိုမိုထွက်ရှိလာမည့် ဓာတ်အားပမာဏနှင့်လိုက်လျောညီထွေမည့် ဓာတ်အားစနစ်ကိုတိုးချဲ့နိုင်ရန် အထူးစီမံကိန်းလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရင်း ချင်းပြည်နယ်ရှိ မြို့နယ်များသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရေးအတွက် တင်ပြပါစီမံကိန်းများကို ရည်မှန်းထားရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းများသည် ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများဖြစ်သောကြောင့် လတ်တလောကာလတွင် လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အသေးစားနှင့် အလတ်စား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်မည့်နည်းလမ်းများကို ဒေသအလိုက်တာဝန်ရှိသူများက ရှာဖွေစူးစမ်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါကလည်း ဒေသခံပြည်သူများအနေဖြင့် ဆောလျင်စွာ လျှပ်စစ်ဓာတ်အားအသုံးပြုလာနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဒုတိယဝန်ကြီး ဦးဌေးအောင်က ဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည်များ လေ့လာနိုင်သော ခရီးသွားလုပ်ငန်းအမျိုးအစားများတွင် သဘာဝအရင်းအမြစ်များကို အခြေခံလေ့လာသော သဘောဝအခြေခံခရီးသွားလုပ်ငန်းသည်လည်း တစ်မျိုးအပါအဝင်ဖြစ်ပါကြောင်း၊ ယင်းသဘာဝအခြေခံ အရင်းအမြစ်နေရာများကို လေ့လာနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောဝန်ကြီးဌာနက ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားသည့် သဘာဝအခြေခံခရီးစဉ်ဒေသ(၂၁)ခုရှိပြီး ၎င်းတို့အထဲတွင် ချင်းပြည်နယ်မှ သဘာဝအရင်းအမြစ်များလည်း အပါအဝင်ဖြစ်ပါကြောင်း။

ချင်းပြည်နယ်၏ သဘာဝအခြေခံအရင်းအမြစ်များကို လေ့လာနိုင်ရန်လက်ရှိအခြေအနေတွင် ချင်းပြည်နယ်တောင်ပိုင်းရှိ နတ်မတောင်ဒေသကို အခြေခံဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် နတ်မတောင်ဒေသသို့ သွားရောက်လည်ပတ်ကြသည့် ကမ္ဘာလှည့်ခရီးသည်များ နှစ်စဉ်တိုးတက်လျက်ရှိပါကြောင်း၊ ယခုအခါ တောင်ပိုင်းဒေသအပြင် မြောက်ပိုင်းဒေသရှိ သဘာဝအခြေခံခရီးစဉ်နေရာများကိုလည်း သွားလာနိုင်ရေးအတွက် အဆိုပါ နေရာများတွင် ကမ္ဘာလှည့်ခရီးသည်များ တည်းခိုနေထိုင်သွားလာစားသောက်နိုင်ရန် လိုအပ်သည့်ဝန်ဆောင်မှုလုပ်ငန်းများကို ကြိုတင်စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

၂၀၁၁ ခုနှစ် မေလတွင် ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်(၁)ဦး ခေါင်းဆောင်ပြီး ပုဂ္ဂလိက ခရီးသွားလုပ်ငန်းရှင်အချို့နှင့်အတူ မြောက်ပိုင်းဒေသကို သွားရောက်လေ့လာခြင်း၊ ခရီးစဉ်ရေးဆွဲခြင်းနှင့် အုပ်ချုပ်မှုဆိုင်ရာလိုအပ်ချက်များကို ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ပါကြောင်း၊ နောင်တွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ချင်းပြည်နယ်မြောက်ပိုင်းဒေသကိုပါ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖြင့် သွားလာလည်ပတ်နိုင်အောင် စနစ်တကျ စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဖွဲ့အစည်းများအားလုံးကလည်း လုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် စနစ်တကျ လုပ်ကိုင်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် သူရဦးအောင်ကို၏အဆိုသည် သီးခြားမဲခွဲဆုံးဖြတ်ရန်မလိုသည့်အတွက် လွှတ်တော်က မှတ်တမ်းတင်ကြောင်းနှင့် မှတ်တမ်းတင်ထားသည့်အတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ဆောင်ရွက်ဖွယ်ရာကိစ္စများကို အောင်မြင်အောင် စေတနာထားဆောင်ရွက်ကြရန်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

စက်တင်ဘာ(၉)ရက်က တင်သွင်းခဲ့သော ဂွမဲဆန္ဒနယ်မှ ဦးညီလေး(ခ) ဦးကြည်သာ၏ **ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအတွက် ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့တွင် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး ကော်မတီများဖွဲ့စည်းဆောင်ရွက်ရန်နှင့် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေး ဥပဒေ (Rural Electrification Act) ပြုစုပြဋ္ဌာန်းရန်** အဆိုကို သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်၊ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်(ခ)ဦးစိုင်းဟပ်၊ မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ၊ ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင်နှင့် ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်တို့က ဆွေးနွေးကြရာတွင် လျှပ်စစ်မီးရရှိရေးသည် ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဖွံ့ဖြိုးရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများအတွက် အရေးပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက တိုင်းဒေသကြီး/ပြည်နယ်ရုံးစိုက်ရာ မြို့တော်(၁၀)မြို့၊ ခရိုင်ရုံးစိုက်ရာ မြို့ပေါင်း(၄၂)မြို့၊ မြို့နယ်ရုံးစိုက်ရာ မြို့ပေါင်း(၂၂၄)မြို့၊ မြို့နယ်ခွဲရုံးစိုက်ရာ မြို့ပေါင်း (၈)မြို့၊ မြို့အဆင့်ရှိ မြို့ပေါင်း(၁၈)မြို့နှင့် ၎င်းတို့နှင့် ဆက်စပ်လျက်ရှိသော ကျေးရွာပေါင်း(၂၁၉၄)ရွာတို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ယခုအခါတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနှင့် သုံးစွဲမှုမှာ မိုးရာသီတွင် မျှတမှုရှိပြီး နွေရာသီတွင်ထုတ်လုပ်ရန် အနည်းငယ်လိုအပ်နေသည့် အခြေအနေဖြစ်ပါကြောင်း၊ မဟာဓာတ်အားလိုင်း စီမံကိန်းများနှင့် ပင်မဓာတ်အားခွဲရုံကြီးများအပြင် ယင်းတို့နှင့် ဆက်စပ်ပြီး ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေးဓာတ်အားခွဲရုံများကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်းတွင် မဟာဓာတ်အားလိုင်းကြီးများ၊ ပင်မဓာတ်အားခွဲရုံကြီးများ တည်ဆောက်တပ်ဆင်ရန် လျာထားငွေမှာ အမေရိကန်ဒေါ်လာသန်းပေါင်း(၅၄ဒသမ၀၃)သန်းနှင့် မြန်မာငွေ ကျပ်(၆၇ဒသမ၆၆)ဘီလီယံ ဖြစ်ပါကြောင်း၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံကြီးများ တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမားပြီး ငွေကြေးအကုန်အကျများပြားခြင်း၊ ပြည်တွင်းငွေနှင့်ဆောင်ရွက်ရန် မလုံလောက်ခြင်းတို့ကြောင့် ပြည်ပချေးငွေရရှိရေးကိုလည်း ဆောင်ရွက်ရပါကြောင်း။

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးရှိ ကျေးရွာများတွင် ဓာတ်အားစနစ်နှင့် ဝေးလံသော ဒေသများဖြစ်သည့်အတွက် ဓာတ်အားစနစ်မှလျှပ်စစ်မီးရရှိသည့် ကျေးရွာအရေအတွက်နည်းပါးပြီး အခြားဓာတ်အားရရှိနိုင်သည့်နည်းလမ်းများဖြင့် ဓာတ်အားရရှိရေး ဆောင်ရွက်နေကြသည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဓာတ်အားစနစ်နှင့် ဝေးလံသောဒေသရှိ ကျေးလက်များသည် ဒီဇယ်ဆီ/ဓာတ်ဆီ သုံး ဓာတ်အားပေးစက်များ၊ အသေးစားရေအားလျှပ်စစ်စက်များ၊ နေရောင်ခြည်စွမ်းအင်အသုံးပြုခြင်း၊ လေစွမ်းအင်သုံး လေရဟတ်ဓာတ်အားပေးခြင်းများ၊ စပါးခွံ/လွှစာမှုန့်/ကြံဖတ်/အုန်းလက် စသည်တို့၏ လောင်စာဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ၊ ဇီဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်များ စသည့်နည်းလမ်းများဖြင့် ဓာတ်အားရယူ ဆောင်ရွက်သွားနိုင်ပါကြောင်း။

ထိုနည်းလမ်းများဖြင့် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရာတွင် ငွေကြေးကုန်ကျမှု ပမာဏများပြားသည့်အတွက် ကျေးလက်ပြည်သူများ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ရန် အခက်အခဲ ရှိနေကြမည်ဖြစ်ပါကြောင်း၊ အဓိကလိုအပ်ချက်သည် ရန်ပုံငွေ၊ မတည်ရင်းနှီးငွေများသာ ဖြစ်ပါကြောင်း၊ လိုအပ်သောရန်ပုံငွေ၊ မတည်ရင်းနှီးငွေများ ရရှိမည်ဆိုပါက ကျေးလက်ပြည်သူများ လျှပ်စစ်ဓာတ်အားရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်ဓာတ်အားစနစ် မရောက်ရှိနိုင်သေးသော ကျေးလက်ဒေသများ ဓာတ်အားစနစ်မှ ဓာတ်အားမရမီကာလအတွင်း တစ်ပိုင်တစ်နိုင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပြည်ပအဖွဲ့အစည်းများ၏ နည်းပညာ၊ ငွေကြေးအထောက်အပံ့များဖြင့် ဆောင်ရွက်ထားသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေးကို အထူးအလေးအနက်ထား အကောင်အထည်ဖော်လျက်ရှိရာတွင် အဓိကလုပ်ငန်းကြီး(၈)ရပ် ပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်း(၈)ရပ်အနက် "ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း" ကို ထည့်သွင်းဖော်ပြထားခြင်းသည် ယင်းလုပ်ငန်းတွင် အဓိကထားအကောင်အထည်ဖော်ရမည့် "ကျေးရွာများ လျှပ်စစ်ဓာတ်အား

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❁

❁ စာမျက်နှာ ၅ မှ

အသုံးပြုနိုင်ရေးလုပ်ငန်းစဉ်”ကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မီးမောင်းထိုးပြထားခြင်းပင် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ဝေးလံခေါင်ဖျားသော ကျေးလက်ဒေသများနှင့်ဓာတ်အားစနစ်မှ မီးမရနိုင်သေးသောကျေးလက်များအနေဖြင့် ဓာတ်အားစနစ်မှ မီးရရှိအောင် ဆောင်ရွက်မည် ဆိုပါက အချိန်ကာလကြာမြင့်မည်ဖြစ်ပါကြောင်း၊ အမေရိကန်ပြည်ထောင်စုကဲ့သို့ပင် ကျေးလက် လျှပ်စစ်ဓာတ်အား အက်ဥပဒေ (Rural Electrification Act) ပြဋ္ဌာန်းခြင်း (သို့မဟုတ်) အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများ၌ကဲ့သို့ပင် ကျေးရွာအလိုက်မီးလင်းရေးအဖွဲ့များ (Rural Electrification Board) ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်သွားမည်ဆိုပါက ကျေးလက်မီးလင်းရေးအတွက် အဓိကလိုအပ်သောရန်ပုံငွေကို နိုင်ငံတော်က အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးခြင်းဖြင့် လည်းကောင်း၊ NGOနှင့် အခြား ပြည်တွင်း/ပြည်ပ ပုဂ္ဂလိက အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများဖြင့် လည်းကောင်း ဆောင်ရွက်သွားနိုင်မည်ဖြစ်သည့်အတွက် ဤအဆိုသည် ဆောင်ရွက်သင့်သည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဦးညီလေး(ခ)ဦးကြည်သာ၏အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဒုတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ညနေ ၄ နာရီခွဲတွင် ရပ်နားပြီး အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို စက်တင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

မစ္စတာ အက်ဆာ ယူဆွပ်ဖ် အယ်လ် ရှာမာလီအား ကူဝိတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် စက်တင်ဘာ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကူဝိတ်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ အက်ဆာ ယူဆွပ်ဖ် အယ်လ် ရှာမာလီအား ခန့်အပ်ရန် ကူဝိတ်အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အက်ဆာ ယူဆွပ်ဖ် အယ်လ် ရှာမာလီသည် ၁၉၆၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၉၀ ခုနှစ်တွင် ကူဝိတ်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘွဲ့ကို ရရှိခဲ့သည်။ ယင်းနှစ်တွင်ပင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ကာ ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ကင်ညာ၊ ဂျော်ဒန်နှင့် နယူးဇီလန်နိုင်ငံတို့ရှိ ကူဝိတ်သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ ၎င်းသည် နယူးဇီလန်နိုင်ငံရှိ ကူဝိတ်သံရုံး၌ သံမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ အက်ဆာ ယူဆွပ်ဖ် အယ်လ် ရှာမာလီသည် ရန်ကုန်မြို့တွင် ရုံးစိုက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကူဝိတ်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး သုံးဦးရှိသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ အရှေ့တောင်အာရှဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Jean Noel Wetterwald နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)မှ အရှေ့တောင်အာရှဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၃

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှ အရှေ့တောင်အာရှဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Jean Noel Wetterwald နှင့် မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Bhairaja Panday တို့သည် ယနေ့ညနေ ၅နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ကော်မတီ အမှတ်(၁)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် APG မှ အမှုဆောင်အတွင်းရေးမှူး တွေ့ဆုံ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဆွေးနွေး

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား အာရှပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG) မှ အမှုဆောင်အတွင်းရေးမှူး Mr. Gordon Philip Hook လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား အာရှပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG) မှ အမှုဆောင်အတွင်းရေးမှူး Mr. Gordon Philip Hook နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင်များအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့်အဖွဲ့ဝင်များ လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင်များအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူးနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင်များအား အမေရိကန် အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Mitchellနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံရုံး-သံရုံး ယာယီတာဝန်ခံ Mr. Michael E. Thurston လိုက်ပါလျက် ယနေ့ညနေ ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချက်ထရီယံဟိုတယ်၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် စပ်လျဉ်း၍ နှစ်ဖက်အမြင်များ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၉-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ပညာပေးဇာတ်လမ်းတို

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ လျှပ်တစ်ပြက်
၄း၂၅ ၅။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၆။ ဇာတ်လမ်းတို
၄း၄၅ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ ၈။ ရွှေဟောင်းသုတ
၅း၁၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း(အပိုင်း-၉၉)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ **Mail Box**
၆း၃၅ ၁၄။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၅၆)
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၆)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -နာမည်ကြီးဖို့ (သူရလင်း၊ မိုးခန့်၊ လှိုင်သဇင်နှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၂၂။ အိုင်စီတီသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၁၅)**
၂၅။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

အသေးစားချေးငွေလုပ်ငန်းဖြင့် လူနေမှုအဆင့် မြှင့်တင်နိုင်တော့မည်

မောင်မောင်မျိုး(ပဲခူး)

စိတ်တူ သဘောတူအချင်းချင်း အရင်းအနှီးအနည်းငယ်စီဖြင့် ပူးပေါင်း၍ မိမိတို့၏ဘဝရှင်သန်ရေးနှင့် စားဝတ်နေရေးပြေလည်စေရန် အဖွဲ့များ ဖွဲ့စည်းကာ စီးပွားရေးလုပ်ငန်းများ တည်ထောင်လာခြင်းဖြင့် သမဝါယမ စတင်ပေါ်ပေါက်ခဲ့သည်။ တစ်နည်းအားဖြင့် လူအင်အား၊ ငွေကြေးနေအင်အား နည်းပါးသောသူများ စုစည်း ပူးပေါင်းကာ သမဝါယမစီးပွားရေးလုပ်ငန်းများ အစပျိုးလုပ်ကိုင်ခြင်းဖြင့် ကမ္ဘာ့နိုင်ငံ အသီးသီး၌ သမဝါယမအသင်းများ ဖွဲ့စည်းပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

သမဝါယမဆိုသည်မှာ "စီးပွားရေးနှင့် လူမှုရေးတိုးတက်မှုရှိစေရန် ဆန္ဒတူသူ များ အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်သည်"၊ "ဆန္ဒအလျောက် ပူးပေါင်း ကြသူတို့က စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု လိုအပ်ချက်များ ပြည့်ဝနိုင်စေရန် အများဆန္ဒနှင့်အညီ ကိုယ်တိုင် စီမံခန့်ခွဲဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်သည်"ဟူ၍ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြသော်လည်း သဘောသဘာဝနှင့် အနှစ်သာရမှာ အတူတူပင်ဖြစ်ကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံတွင်မူ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့၌ စိုက်ပျိုးရေးငွေစုငွေချေး သမဝါယမအသင်း (The First Agricultural Credit Co-operative Society) ကို ၁၉၀၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် မှတ်ပုံတင်၍ ဖွဲ့စည်းခဲ့ခြင်းဖြင့် မြန်မာ့ သမဝါယမလှုပ်ရှားမှု စတင်ပေါ်ပေါက်ခဲ့သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီး နောက် မြန်မာနိုင်ငံအစိုးရက ၁၉၅၆ ခုနှစ်နှင့် ၁၉၇၀ ခုနှစ် သမဝါယမဥပဒေများ ကို ထုတ်ပြန်ခဲ့သည်။ ယနေ့နိုင်ငံတော်အတွင်း လိုက်နာကျင့်သုံးနေသောဥပဒေမှာ ၁၉၉၂ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့က ထုတ်ပြန်ခဲ့သော ၁၉၉၂ ခုနှစ် သမဝါယမ အသင်းဥပဒေပင်ဖြစ်သည်။ ထို့ပြင် သမဝါယမအသင်းများက လိုက်နာဆောင်ရွက် ရန် သမဝါယမအသင်းစည်းမျဉ်းများကိုလည်း ၁၉၉၈ ခုနှစ် မတ်လ ၁၁ ရက်နေ့က ဆက်လက်ပြဋ္ဌာန်းပေးခဲ့သည်။

သမဝါယမအသင်းနည်းဥပဒေ ၃ အရ သမဝါယမအသင်းအဆင့်ကို အခြေခံ သမဝါယမအသင်း၊ သမဝါယမအသင်းစု၊ သမဝါယမအသင်းစုချုပ်နှင့် ဗဟို သမဝါယမအသင်းဟူ၍ သတ်မှတ်ထားသည်။ မြန်မာ့သမဝါယမလှုပ်ရှားမှုတွင် အမျိုးသားအဆင့် ထိပ်ဆုံးမှဦးဆောင်နေသောအသင်းမှာ ဗဟိုသမဝါယမအသင်း လီမိတက်ဖြစ်ပြီး ယင်းအသင်းသည် ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (International Co-operative Alliance-ICA) သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီး နိုင်ငံတကာသမဝါယမလုပ်ငန်းများကို ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရှိ ဝင်ငွေနည်းပါးသောမိသားစုများအား သမဝါယမနည်းဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်၍ ဆင်းရဲမှုလျော့နည်းပပျောက်စေရန်အတွက် အသေးစားချေးငွေလုပ်ငန်း (Microfinance)ကို နိုင်ငံအနှံ့ တိုးချဲ့ဆောင်ရွက်ရန် စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၁ ခုနှစ် ဇွန်လကုန် အထိ တစ်နိုင်ငံလုံးရှိ အသေးစားချေးငွေလုပ်ငန်းကို ဗဟိုသမဝါယမအသင်းလီမိတက်၊ ငွေကြေးသမဝါယမအသင်းစုချုပ်နှင့် အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်း ဟူ၍ ခွဲခြားဆောင်ရွက်လျက်ရှိသည်။

ဗဟိုသမဝါယမအသင်းလီမိတက်က တစ်နှစ်ပြည့်ပြီး လုပ်ငန်းအခြေအနေ ကောင်းမွန်သည့် အသေးစားချေးငွေလုပ်ငန်းအဖွဲ့များကို အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းလီမိတက်အဖြစ် ပြုပြင်ပြောင်းလဲဖွဲ့စည်းခဲ့ရာ ရန်ကုန်တိုင်းဒေသ ကြီး၌(၁၈)သင်း၊ ပဲခူးတိုင်းဒေသကြီး၌(၂၂)သင်း၊ ဧရာဝတီတိုင်းဒေသကြီး၌(၁၀)သင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၌(၁)သင်း၊ မကွေးတိုင်းဒေသကြီး၌(၉)သင်း၊ မွန်ပြည်နယ် ၌(၁)သင်း စုစုပေါင်း(၆၁)သင်း ရှိပြီဖြစ်သည်။ ထိုသို့ဖွဲ့စည်းမှုပြုလုပ်ရာတွင် အသေးစား ချေးငွေလုပ်ငန်းများ စနစ်တကျနှင့် ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် လုပ်ငန်းမဖွဲ့မီကပင် ရက်တိုသင်တန်းများ၊ ဆွေးနွေးပွဲများ ပြုလုပ်ပေးခဲ့သည်။

အသေးစားချေးငွေလုပ်ငန်းကို ကျေးလက်နှင့်မြို့ပြနေ ဝင်ငွေနည်းပါးသည့် တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ဈေးသည်များ အပါအဝင် ပြည်သူများ ၏ ဆင်းရဲမှုလျော့နည်းစေရန်၊ အခြေခံလူတန်းစားများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ချွေတာစုဆောင်းသည့်အလေ့အထ ပြုစုပျိုးထောင် ပေးရန်၊ အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဖန်တီးပေးရန်နှင့် ချဲ့ထွင်ပေးရန်၊ ဒုတိယ ဝင်ငွေ ရရှိစေရန်ဟူသည့် မွန်မြတ်သောစိတ်ထားဖြင့် ရည်ရွယ်ဆောင်ရွက်လျက် ရှိသည်။ လုပ်ငန်းဆောင်ရွက်ရာတွင် မြို့ပြနှင့်ကျေးလက်ဒေသဟူ၍ နှစ်မျိုးရှိသည်။

မြို့ပြဒေသ၌ လုပ်ကိုင်မည့်ဧရိယာတွင် အဖွဲ့ဝင်(၅၀)ပါဝင်သော အဖွဲ့များကို နယ်မြေဒေသအလိုက်ဖွဲ့စည်းပြီး အဖွဲ့ဝင်များကို နေ့စဉ်လက်ခံလျက်ရှိသည်။ အဖွဲ့ဝင် အဖြစ် ဝင်ရောက်လိုပါက သတ်မှတ်လျှောက်လွှာပုံစံ ဖြည့်စွက်၍ လျှောက်ထားနိုင်ပြီး ဝင်ခွင့်ရရှိပါက ဝင်ကြေးအဖြစ် တစ်ဦးလျှင် ငွေတစ်ထောင်ကျပ် ပေးသွင်းရမည်ဖြစ် သည်။ အဖွဲ့ဝင်များသည် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းအဖွဲ့တည်ရှိရာ နယ်မြေတွင် နေထိုင်သူဖြစ်ရန်နှင့် သန်းခေါင်စာရင်းနှင့် မှတ်ပုံတင်မူရင်းကို မိတ္တူမှန်တစ်စုံ ပူးတွဲ တင်ပြရန် လိုအပ်သည်။ ပတ်စ်ပို့ဓာတ်ပုံ(အသေး)နှစ်ပုံစီ ပေးရမည်။ အဖွဲ့ဝင်များကို (၅)ဦးစီပါဝင်သော ဝိုင်းကြီးချုပ်အဖွဲ့များ ဖွဲ့စည်းရမည်ဖြစ်ရာ မျိုးတူစုလုပ်ငန်းလုပ်သူ များဖြင့်လည်းကောင်း၊ ၎င်းတို့ကြိုက်နှစ်သက်သူများနှင့် လည်းကောင်း ဖွဲ့စည်းနိုင်သည်။

ထို့နောက် ငွေချေးယူသည့်အခါ သတ်မှတ်ပုံစံတွင် အချက်အလက်များ ဖြည့်စွက်၍ ကိုယ်တိုင်လက်မှတ်ထိုး ထုတ်ယူရမည်ဖြစ်ပြီး ငွေချေးယူသူသည် နေ့စဉ် ဝင်ငွေရှိသည့် လက်လုပ်လက်စား လုပ်ကိုင်စားသောက်သူဖြစ်ရန် လိုအပ်သကဲ့သို့ အခြားချေးငွေအဖွဲ့တွင် ငွေချေးယူထားသူမဖြစ်ရန်လည်း လိုအပ်သည်။ အဖွဲ့ဝင်တစ်ဦး လျှင် Basic Loan အဖြစ် ငွေကျပ်သုံးသောင်း စတင်ထုတ်ချေးပေးသည်။ အတိုးနှုန်း တစ်လလျှင်(၃)ရာခိုင်နှုန်း ပေးရမည်ဖြစ်ပြီး ရက်ပေါင်း(၆၀)အတွင်း နေ့စဉ်အချိုးကျ ပြန်လည်ပေးဆပ်ရမည်။ သတ်မှတ်ကာလအတွင်း ပထမချေးငွေပြန်ဆပ်ပြီးသူများအား ဒုတိယအဆင့် ငွေကျပ်လေးသောင်းခွဲကို လည်းကောင်း၊ ဒုတိယအဆင့် ချေးငွေပြန်ဆပ် ပြီးသူများအား တတိယအဆင့် ငွေကျပ်ခြောက်သောင်းကို လည်းကောင်း၊ တတိယ အဆင့် ချေးငွေပြန်ဆပ်ပြီးသူများအား စတုတ္ထအဆင့် ငွေကျပ် ကိုးသောင်းကို လည်းကောင်း ထုတ်ချေးပေးမည်ဖြစ်သည်။

နေ့စဉ်ပြန်လည်ပေးသွင်းရမည့်ငွေပမာဏ

စဉ်	အကြောင်းအရာ	ပထမအဆင့် (၃၀၀၀၀ိ/-)	ဒုတိယအဆင့် (၄၅၀၀၀ိ/-)	တတိယအဆင့် (၆၀၀၀၀ိ/-)	စတုတ္ထအဆင့် (၉၀၀၀၀ိ/-)
၁	အရင်း	၅၀၀	၇၅၀	၁၀၀၀	၁၂၀၀
၂	အတိုး	၃၀	၄၅	၆၀	၉၀
၃	စုဆောင်းငွေ	၇၀	၁၀၅	၁၄၀	၂၁၀
စုစုပေါင်း		၆၀၀	၉၀၀	၁၂၀၀	၁၅၀၀

စတုတ္ထအဆင့်ချေးငွေ၏ကာလမှာ ရက်ပေါင်း(၉၀)ဖြစ်သည်။ စုဆောင်းငွေ ဆိုသည်မှာ အဖွဲ့ဝင်များ၏ ကိုယ်ပိုင်စုဆောင်းငွေ (Compulsory Saving)ဖြစ်သည်။ ယင်းစုဆောင်းငွေအပေါ် တစ်လလျှင် အတိုး(၁)ရာခိုင်နှုန်း ပေးမည်ဖြစ်ပြီး တစ်နှစ် ပြည့်မှသာ (၅၀)ရာခိုင်နှုန်းကို ထုတ်ယူနိုင်မည် ဖြစ်သည်။ ဤအဆင့်(၄)ဆင့်ချေးငွေ ကို ပုံမှန်ချေးငွေအဖြစ် သတ်မှတ်ထားပြီး စတုတ္ထအဆင့်ချေးငွေပြန်ဆပ်ပြီးသူများအား ပုံမှန်ချေးငွေအပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် အရေးပေါ် ချေးငွေအဖြစ် ချေးယူခွင့်ပြုသကဲ့သို့ အထူးချေးငွေအဖြစ် လုပ်ငန်းတိုးချဲ့ရန် Investment Loan ကိုပါ ချေးယူခွင့်ပြုမည် ဖြစ်သည်။

ယင်းချေးငွေများအတွက် အပေါင်ပစ္စည်းပေးရန် မလိုပါ။ သို့သော် စည်းကမ်း ကို အပေါင်ပေးရမည်။ ဆိုလိုသည်မှာ ဝိုင်းကြီးချုပ်အဖွဲ့ဝင်တစ်ဦး ပျက်ကွက်လျှင် ကျန်အဖွဲ့ဝင်(၄)ဦးက ကူညီပေးဆပ်ရန် စည်းကမ်းဖြစ်သည်။ နေ့စဉ်ပေးသွင်းရမည့် ငွေကို ပေးသွင်းရန်ပျက်ကွက်ပါက ထိုဝိုင်းကြီးချုပ်အဖွဲ့ကို ချေးငွေဆက်လက်ထုတ်မပေး တော့ပါ။ **စည်းကမ်းသည် ချုပ်နှောင်ရန်မဟုတ်၊ အလုပ်အောင်ရန်သာဖြစ်သည်** ဟု လက်ခံဆောင်ရွက်ရမည်ဖြစ်သည်။ ထုတ်ချေးပေးသောငွေသည် လူနေမှုဘဝတိုးမြင့် စေရန် ရည်ရွယ်ထုတ်ချေးပေးခြင်းဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းတွင်သာ အကျိုးရှိရှိ အသုံးပြုရန်နှင့် လုပ်ငန်းကိုလည်း ကြိုးကြိုးစားစားလုပ်ကိုင်ရန် အဓိကလိုအပ်သည်။

ကျေးလက်ဒေသ၌ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ၏ အသင်းသား လယ်သမားများကို နှမ်း၊ မိုး၊ ဆောင်း ရာသီသီးနှံများအတွက် စိုက်ပျိုးစရိတ်ချေးငွေ (Micro Loan)ချေးပေးသည်။ ထိုသို့ ချေးပေးနိုင်ရန်အတွက် မြေစာရင်း၏ ဦးပိုင် ပေါက်မြေ မည်မျှကို အမှန်လုပ်ကိုင်ကြောင်း ထောက်ခံချက်လိုအပ်သည်။ လယ်တစ်ဧက လျှင် ငါးသောင်းနှုန်း၊ လေးသောင်းနှုန်း၊ သုံးသောင်းနှုန်း စသည်ဖြင့် နယ်မြေဒေသ အလိုက် ထုတ်ချေးသည်။ ငွေချေးပေးသည့် လယ်ဧကတွက်ချက်မှုအနေဖြင့် ငါးဧက အောက်ကို ရှိသည့်ဧကအတိုင်းသော် လည်းကောင်း၊ ငါးဧကမှ ၁၀ ဧကအထိကို ငါးဧကအတွက်သော် လည်းကောင်း၊ ၁၀ ဧကနှင့်အထက်ကို ရှိသည့်ဧက၏ တစ်ဝက် အတွက်သော် လည်းကောင်း ငွေချေးပေးသည်။ လယ်သမားအသင်းသားသို့ ချေးပေး သည့် ငွေအပေါ် တစ်လလျှင်အတိုးနှုန်း နှစ်ကျပ်ခွဲ သတ်မှတ်ထားသည်။ ဤသည် မှာလည်း နှစ်ဦးနှစ်ဖက်အဆင်ပြေစေပြီး မျှခြေရှိသည့်အနေအထား ဖြစ်သည်။

အဆိုပါ ချေးငွေ၏ ၁၀ ရာခိုင်နှုန်းကို မစုမနေရ စုဆောင်းငွေအဖြစ် စုဆောင်း စေသည်။ တစ်နှစ် နှစ်သီးစားလယ်သမားသည် ငါးနှစ်ပြီးလျှင် ချေးငွေသံသရာမှ ကင်းလွတ်မည်ဖြစ်သဖြင့် ၁၀ ရာသီအတွက် ငွေချေးပေးပြီးလျှင် ချေးငွေရယူရန် မလိုတော့ပါ။ လယ်ယာမဲ့ လယ်ယာလုပ်သားများအတွက် ၎င်းတို့ လုပ်အားခအဖြစ် ရရှိမည့် သီးနှံတန်ဖိုးအလိုက် လယ်သမားအသင်းသား၏ အာမခံမှုဖြင့် Micro Credit ချေးငွေကိုချေးပေးသည်။ လယ်နှင့် ဥယျာဉ်ခြံမြေ စိုက်ပျိုးသူများကိုလည်း ဝိုင်းကြီးချုပ် စနစ်ဖြင့် နှစ်လတ်ချေးငွေချေးပေးပြီး ရာသီအကုန်တွင် ချေးငွေအရင်းနှင့်အတိုးကို ပြေကျေစွာ ပြန်ဆပ်ရသည်။ ဤစနစ်သည် ကျေးလက်နေတောင်သူလယ်သမားများ ဘဝတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို များစွာအထောက်အကူ ပြုသဖြင့် လယ်သမားအသင်းသားများက လွန်စွာနှစ်သက်လျက်ရှိကြသည်။

ဖော်ပြပါလုပ်ငန်းစဉ်များနှင့် ဆောင်ရွက်မှုများကို ကြည့်ခြင်းအားဖြင့် မှန်ကန်စွာ အသုံးချတတ်မည်ဆိုပါက မြို့ပြနှင့် ကျေးလက်ဒေသပါမကျန် ပြည်သူအားလုံး၏ဘဝ များ ဧကန်တိုးတက်လာမည်ဖြစ်သည်ကို တွေ့ရသည်။ လက်ရှိဖော်ဆောင်အောင်မြင်မှု များကြောင့် စီစဉ်ဆောင်ရွက်သူများနှင့် ကြားရ၊ မြင်ရသူအပေါင်းက ဝမ်းသာပီတိ ဖြစ်ကြရသည်ဟု သိရသည်။ ထို့ပြင် လက်တွေ့အကျိုးကျေးဇူးခံစားနေကြရပြီဖြစ်သော ပြည်သူများကလည်း ဤသို့ ချေးငွေလုပ်ငန်းများ ပိုမိုတိုးတက် ဆောင်ရွက်လာနိုင်သည် ကို ကျေးဇူးတင်ရှိနေကြကြောင်း ကြားသိရသဖြင့် အသေးစားချေးငွေလုပ်ငန်းနှင့် မနီးစပ် သေးသူများအနေဖြင့် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ပြီး မိမိဘဝတိုးတက်ရာ တိုးတက် ကြောင်းကို ကြိုးပမ်းဆောင်ရွက်သင့်ကြသည်။

ဤအသေးစားချေးငွေလုပ်ငန်းသည် ငွေကြေးပစ္စည်းအာမခံမယူဘဲ ငွေချေး ရသည့်အတွက် ငွေချေးသူတစ်ဦးချင်းက ချေးငွေပြန်မဆပ်၍ ငွေကြေးဆုံးရှုံးမှု ရှိလာပါက ကာကွယ်နိုင်ရန်၊ ခုနှိမ်ပေးသွင်းနိုင်စေရန်နှင့် အခြားလိုအပ်သည့်ကိစ္စများ ဆောင်ရွက်ပေးနိုင်စေရန်အတွက် ငွေချေးသည့်အခါတိုင်း ချေးငွေ၏ နှစ်ရာခိုင်နှုန်းကို ၂၀၁၀ ပြည့်နှစ် မေလ ၁၂ ရက်နေ့မှစ၍ ငွေချေးသူက လုပ်ငန်းစွန့်စားမှုရန်ပုံငွေသို့ ပေးသွင်းစေလျက်ရှိသည်။ ချေးငွေပျက်ကွက်မှု တစ်စုံတစ်ရာမရှိပါက ပေးသွင်း ထားသောငွေများကို ပြန်လည်ထုတ်ပေးရန် သို့မဟုတ် ကာယကံရှင်၏ဆန္ဒအရ စုဆောင်းငွေတွင် ပေါင်းထည့်ပေးရန် ဆောင်ရွက်ပေးလျက်ရှိသည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည် ဖော်နိုင်စေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေကို ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေကြမ်းကို အတည်ပြုရန် ဩဂုတ်လ ၂၉ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဆိုတင်သွင်းခဲ့ရာ လွှတ်တော်က သဘောတူ အတည်ပြုခဲ့ပြီးဖြစ်သည်။

ဇူလိုင်လ ၁ ရက်နေ့မှစ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်း ပပျောက်ရေး လုပ်ငန်းစဉ်(၈)ရပ်ကို လုပ်ငန်းစီမံချက်များရေးဆွဲပြီး အကောင် အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ရာ ထိုလုပ်ငန်းစဉ်များထဲတွင် သမဝါယမလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည်လည်း တစ်ရပ်အပါအဝင် ဖြစ်သည်။ သမဝါယမ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိပြီး အခြားသောလုပ်ငန်းစဉ်များနှင့်လည်း လုပ်ငန်းဆက်နွှယ်မှု ရှိသည်ကို တွေ့ရသည်။

သာဓကအားဖြင့်ဆိုရသော် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၌ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ ဆက်သွယ်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးဟူသည့် လုပ်ငန်းနယ်ပယ်(၆)ရပ်၌ အား(၁၀)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ရာ ဘဏ်များ၊ ငွေစုငွေချေးသမဝါယမများ၏ အားသည်လည်း အားတစ်ခုအဖြစ် ပါဝင်သည်။ သို့ဖြစ်၍ ကျေးလက်ဒေသ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရရှိရေးအတွက် သမဝါယမလုပ်ငန်းများဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်သည်။

ထို့ကြောင့်လည်း ဗဟိုသမဝါယမအသင်းလီမိတက်သည် ဆင်းရဲမှုများ လျော့နည်းစေရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်များအားလုံး၌ သမဝါယမနည်းဖြင့် လုပ်ငန်းတိုးချဲ့နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဆင်းရဲသောပြည်သူများ၏ စားရေးအတွက် ပူပင် ကြောင့်ကြမှုမရှိအောင်၊ နေရေးအတွက် လုံခြုံစိတ်ချစွာနေနိုင်အောင်၊ မကျန်းမာသည့် အချိန်တွင် ဆေးဝါးကုသနိုင်အောင်၊ သားသမီးများ ပညာသင်ကြားနိုင်အောင် အကောင်အထည်ဖော်ပေးနိုင်လျှင် ဆင်းရဲမှုလျော့ကျလာမည်ဖြစ်သည်။ သို့ဖြစ်၍ လည်း တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်၊ နယ်မြေအလိုက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် အကြံပြုပေးခြင်း၊ နည်းပညာနှင့် အရင်းအနှီးငွေကြေး ကူညီထောက်ပံ့ရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ လုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းထားရှိမှုအပေါ် ဖြည့်စွက်ဖြည့်ဆည်း၍ ပိုမိုခိုင်မာအောင် အစုအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ ငွေစုငွေချေးအသင်းများဖွဲ့စည်းခြင်းတို့ကို ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိသည်။ ပြည်သူလူထုအများစု၏ အကျိုးစီးပွားတိုးတက်မြင့်မားလာစေရန် အတွက် လုပ်ငန်းများကို စိတ်တူကိုယ်တူ သဘောထားချင်းတူညီသော ပြည်သူများ အစုအဖွဲ့အလိုက် ပူးပေါင်းလုပ်ကိုင်လာနိုင်စေရန် အထောက်အပံ့ပြု စည်းရုံးကြိုးပမ်း ဆောင်ရွက်လျက်ရှိပေသည်။

ယနေ့ အချို့လူမှုအသိုင်းအဝိုင်းတွင် အမြတ်ကြီးစားလူတန်းစားများကြောင့် လက်လုပ်လက်စားများ၏ဘဝသည် အတိုးပြန်မဆပ်နိုင်သည့် သံသရာထဲမှ မထွက် နိုင်ဘဲ မျှော်လင့်ချက်မဲ့ကာ အနာဂတ်များ မှောင်မည်းခဲ့ရသည်။ ထို့ကြောင့် ဗဟို သမဝါယမအသင်းအနေဖြင့် ယင်းတို့၏ဘဝ တိုးတက်ပြောင်းလဲသွားအောင်၊ လူနေမှုဘဝအဆင့်အတန်း မြင့်မားသွားအောင် အသေးစား ချေးငွေလုပ်ငန်းကို တစ်ယောက်အတွက် အများ၊ အများအတွက် တစ်ယောက် ဆိုသည့် သမဝါယမ စိတ်ဓာတ်ဖြင့် တက်ညီလက်ညီ စတင် ဆောင်ရွက်ပေးခဲ့ရာ ဆင်းရဲချို့တဲ့သည့် မိသားစုများကို ဆင်းရဲတွင်းကနေ လွတ်မြောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လက်တွေ့တွင် ရရှိသည့်ချေးငွေဖြင့် မှန်မှန်ကန်ကန်ရင်းနှီးပြီး အလုပ်လုပ်သူ၊ သတ်မှတ်ကာလအတွင်း ငွေအကျေပြန်ဆပ်နိုင်သူများကို ယခင်ကထက် ပမာဏများ သောငွေများ ထပ်ချေးပေးသည့်အတွက် ယင်းတို့၏ဘဝများလည်း အဆင့်ဆင့် တိုးတက်ပြီး အေးချမ်းသာယာလှပနေပြီဖြစ်သည်။ တကယ်အလုပ်လုပ်ပြီး ကြိုးစား သူများအတွက် ငွေရှာရန်မခက်ခဲသောကြောင့် ကတိတည်ပြီး ရိုးသားကြိုးစားသူ၊ ဘဝမြင့်မားအောင်စွမ်းဆောင်လိုသူများ အောင်မြင်မှုရရှိနိုင်မည်မှာ အမှန်ပင် ဖြစ်သည်။ "ဆင်းရဲခြင်းလွတ်ကင်းဖို့ အသေးစားချေးငွေလုပ်ငန်းဖြင့် ဆောင်ရွက် ကြပါစို့" ဟူသည့် ဆောင်ပုဒ်အတိုင်း ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ခြင်းကြောင့် ဆင်းရဲသူများအတွက် ယခင်က အမှောင်ထုလွှမ်းမိုးနေသည့် သန်းခေါင်ယံည၌ အလင်းရောင်ဆိုသည်မှာ မရှိခဲ့သော်လည်း ယခုအခါ မိုးလင်းခဲ့ပါပြီ။ တစ်နည်း အားဖြင့် မိုးမှောင်ကျရာမှသည် ကြည်လင်နေသည့် ကောင်းကင်၌ သက်တံရောင် ထွက်ပေါ်လာပြီး ထွန်းလင်းတောက်ပနိုင်ခဲ့ပါပြီ။

အမှန်ပြောရလျှင် သမဝါယမသည် လူတိုင်းအတွက်ဖြစ်သည်။ သို့ဖြစ်၍ "ယနေ့အပြည်ပြည်ဆိုင်ရာ သမဝါယမလှုပ်ရှားမှုကြီးသည် အကြီးဆုံးလူမှုစီးပွားရေး လုပ်ငန်းဖြစ်ပြီး ကမ္ဘာ့လူဦးရေထက်ဝက်ဖြစ်သော လူပေါင်း သန်း ၃၀၀၀ ၏ အသက်မွေးဝမ်းကျောင်းများကို ခိုင်မာစေခဲ့ကြောင်း" ကုလသမဂ္ဂက ထုတ်ပြန်ခဲ့ သည်။ နိုင်ငံအလိုက် သမဝါယမများ ဖြစ်ထွန်းမှုကိုကြည့်လျှင် အာရှတိုက်တွင် ဂျပန် နိုင်ငံသည် ပထမနေရာ၌ တည်ရှိပြီး တောင်ကိုရီးယား၊ အိန္ဒိယ၊ တရုတ်၊ ဩစတြေးလျ၊ အီရန်၊ စင်ကာပူ စသည့်နိုင်ငံများလည်း တိုးတက်လျက်ရှိသည်ကို တွေ့ရသည်။

ယင်းကဲ့သို့ လုပ်ငန်းတိုးတက်မှုများကြောင့် Mr.Robert Owen က "လူအများ ပျော်ရွှင်မှုကို ထာဝရပိုင်ဆိုင်နိုင်သော တစ်ခုတည်းသော နည်းလမ်းမှာ လူအားလုံး ပူးပေါင်းဆောင်ရွက်ပြီး တစ်ဦးချင်းအတွက် အကျိုးအမြတ်ရရှိအောင် ဆောင်ရွက် ခြင်းပင်ဖြစ်ကြောင်း" သမဝါယမများအပေါ် မှတ်ချက်ပြု ပြောကြားခဲ့သည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း "နိုင်ငံတကာမှာတော့ Cooperative အစုအဖွဲ့များကိုအခြေခံပြီး ယနေ့အထိ အောင်မြင်စွာ ဆောင်ရွက် လျက်ရှိကြပါတယ်။ ယနေ့ခေတ်သစ် စနစ်သစ်မှာ လူသစ်စိတ်သစ်နဲ့ စိတ်တူကိုယ်တူ ညီညွတ်သူတစ်စုဖြင့်သာ ၎င်းတို့အချင်းချင်း၊ အလုပ်ကြိုးစားသူချင်း၊ ငွေရေးကြေးရေး စိတ်ချသူချင်း ကုန်ထုတ်လုပ်မှုအစုအဖွဲ့များအဖြစ် ဆန္ဒရှိသူ၊ လုပ်ကိုင်လိုသူများဖြင့် စည်းရုံးဖွဲ့စည်းအားပေးတဲ့အသွင်ကို ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဟာ နိုင်ငံတော်ရဲ့ အရေးကြီးတဲ့လုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းဟာ ဆင်းရဲတွင်းနက်မှုကို လျော့ပါးစေရေးအတွက် လက်နက်ကောင်းတစ်ခုဖြစ်ပါတယ်။ ငွေကြေးအရင်းအနှီးကို ကျေးလက်အထိ ရောက်ရှိအောင် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများဖြင့် ဆောင်ရွက် ပေးရမှာ ဖြစ်ပါတယ်"ဟု မေလ ၂၀ ရက်နေ့ကကျင်းပခဲ့သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ၌ ပြောကြားခဲ့သည်။

အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး စနစ်တကျစီမံအကောင်အထည်ဖော် နေပြီဖြစ်ရာ အခြေခံလူတန်းစားများ၏ လူမှုဘဝမြင့်တက်လာပြီး တိုင်းပြည်၏ ဂုဏ်သိက္ခာလည်း မြင့်တက်လာနိုင်မည်ဖြစ်ပါကြောင်းနှင့် အသေးစားချေးငွေ လုပ်ငန်းဖြင့် လူနေမှုအဆင့် မြှင့်တင်နိုင်တော့မည်ဖြစ်ပါကြောင်း အပြည့်အဝ ယုံကြည်နေမိပါတော့သည်။ ။

※ ချင်းပြည်နယ်မှ

ရန်ပုံငွေမှ ငွေကျပ် (၂၆၅)သိန်းဖြင့် ယင်းလမ်းပေါ်ရှိ ပေ(၁၆၀)ရှည် ဖားဘောင် ချောင်းတံတားအမှတ်(၁)နှင့် ပေ(၆၀)ရှည် တံတားအမှတ်(၂)တို့ကို ပြုပြင်ခြင်းနှင့် စည်ပင်သာယာရေးဦးစီးဌာနမှ ငွေကျပ်သိန်း(၂၀၀)ဖြင့် ကျွန်းကုန်းမှဘုရားကုန်းထိ ကျောက်လမ်း (၃၂)မိုင် (၆)ဖာလုံအတွင်းရှိ ပျက်စီးမှုကြီးမားသော လမ်းပိုင်းများအား ပြုပြင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အလားတူ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ဘုရားကုန်း-ချောင်းနှစ်ခွ(မြေလမ်း) (၃)မိုင် (၄)ဖာလုံမှ အရှည်ပေ (၁၂၀)ရှိ တံတားအမှတ်(၂/၂၄)နှင့် အရှည်ပေ(၁၄၀)ရှိ တံတားအမှတ် (၂/၂၃)တို့အား ကွန်ကရစ်တံတားများအဖြစ် ပြင်ဆင်တည်ဆောက်ခြင်း၊ အခြားသစ်သားတံတား (၇)စင်းနှင့် လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် ယခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနေသကဲ့သို့ နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင်လည်း ရန်ပုံငွေခွင့်ပြုမှုနှင့်အညီ အစီအမံရေးဆွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူ၏ **"မင်းပြားမြို့နယ် လေးမြို့မြစ် လက်ယာဘက်ကမ်းရှိ ကျေးရွာချင်းဆက်လမ်း တံတားဖောက်လုပ်ရန် စီမံကိန်းရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်ကာလတွင် အကောင်အထည်ဖော်နိုင်မည်ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအနေဖြင့် ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၏ လေးမြို့မြစ် လက်ယာဘက်ကမ်းရှိ ကျေးရွာများလမ်းပန်းဆက်သွယ်မှု ချောမွေ့ရေးအတွက် အလေးထားဆောင်ရွက်ပေးခဲ့ရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်(၄ ဒသမ ၅)သန်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေမှ ငွေကျပ်(၁၁၉ ဒသမ ၄၇၆)သန်း၊ စုစုပေါင်းငွေကျပ်(၁၂၃ ဒသမ ၉၇၆)သန်းဖြင့် ကင်းဆိပ်-ခြိတ်တောင် ကျောက်ခင်းလမ်း(၂)မိုင် (၃)ဖာလုံနှင့် တံတား(၃)စင်း၊ ခြိတ်တောင်-ဆင်ကြီးပြင် ကျောက်ခင်းလမ်း(၂)မိုင် (၄)ဖာလုံနှင့် တံတား (၂)စင်း၊ မင်းပြား-စမ္ဗလေ မြေသားလမ်း (၇)ဖာလုံ၊ ကျောက်ခင်းလမ်း(၁)မိုင် (၇)ဖာလုံနှင့် တံတား(၁)စင်း၊ မင်းရွာ-ဇီးပင်ကြီး မြေသားလမ်း(၂)ဖာလုံနှင့် ကျောက်ခင်းလမ်း (၇)ဖာလုံ၊ ငပြီးအင်းမှ ပန်းမြောင်ကျေးရွာအထိ တံတားနှင့် ရေပြွန်အစင်း(၂၀)၊ ငပုကွ-နပဲ့ချောင်း မြေသားလမ်း(၇)ဖာလုံ၊ ရန်ကုန်-စစ်တွေကားလမ်းမမှ ငပုကွကျေးရွာအထိ ကျောက်ခင်းလမ်း (၇)ဖာလုံ၊ နဒင်ကျေးရွာကျောက်ခင်းလမ်း(၃)ဖာလုံနှင့် မြစ်နားရွာ တံတား(၂)စင်း၊ ခြိတ်တောင်-ထောင့်ချေကူးတို့ဆိပ်-ငပုကွ မြေသားလမ်း(၃)ဖာလုံနှင့် တံတား (၂)စင်းနှင့် ရန်ကုန်-စစ်တွေ ကားလမ်းမှ ကြက်မကျေးရွာသို့ ဆက်သွယ်သည့် ကျောက်ခင်းလမ်း(၁)မိုင် (၄)ဖာလုံတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မူလလျာထားငွေကျပ် (၁၆ ဒသမ ၂၁၅)သန်းနှင့် ထပ်မံဖြည့်စွက်လျာထားငွေကျပ်(၁၅)သန်း၊ စုစုပေါင်းငွေကျပ်(၃၁ ဒသမ ၂၁၅)သန်းဖြင့် လေးမြို့မြစ် လက်ယာဘက်ရှိ ရန်ကုန်-စစ်တွေလမ်းမှ နဒင်ကျေးရွာသို့ဆက်သွယ်သော ကျောက်လမ်း(၁)မိုင် (၄)ဖာလုံနှင့် အဆိုပါလမ်းပေါ်ရှိ ကွန်ကရစ်တံတား (၂)စင်းတို့အား ဆောင်ရွက်ရန်လျာထားပါကြောင်း၊ အလားတူ နောင်လာမည့်နှစ်များတွင်လည်း စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေအပေါ်မူတည်၍ အစီအမံဖြင့် နှစ်အလိုက် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမနားနိုင်၏ **"ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်သည် ဝိတိုရိယတောင်မှ မြစ်ဖျားခံစီးဆင်းသည့် ချောင်းမြောင်းကြီးများနှင့် တောတောင်ထူထပ်ခြင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲလျက်ရှိပြီး လူမှုဖွံ့ဖြိုးမှုအနည်းဆုံးမြို့နယ်ဖြစ်နေရပါကြောင်း၊ မြို့နယ်တွင်း ကျေးရွာအုပ်စု(၂၆)အုပ်စု၊ ကျေးရွာပေါင်း(၁၁၇)ရွာခန့်ရှိသည့် အနက်(၁၃)ရွာခန့်သာ ဆိုင်ကယ်/ကားလမ်းပေါက်ပြီး ကျန်ရွာပေါင်း(၁၀၀)ကျော်ခန့်မှာ ခြေကျင်ခရီးဖြင့်သာ သွားလာနေရပါကြောင်း၊ ယခုအချိန်တွင် ကျေးရွာအသီးသီးက မြို့နှင့်ကျေးရွာ/ကျေးရွာချင်းဆက်လမ်းများကို တစ်ပိုင်တစ်နိုင်ဖောက်လုပ်နေကြရာ ပြည်ထောင်စုအစိုးရ၏အစီအမံဖြင့် လက်သုံးကိရိယာ၊ စားနပ်ရိက္ခာနှင့် ငွေကြေးများပံ့ပိုးပေးပါက ပိုမိုအဆင်ပြေနိုင်မည်ဖြစ်သဖြင့် ပံ့ပိုးပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိလျှင် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်းနှင့် ဖွံ့ဖြိုးမှုနိမ့်ကျလွန်းနေသော ကျေးလက်ဒေသများကို ဦးစားပေးဆောင်ရွက်ပေးမည့် အခြေအနေတို့ကို သိရှိလိုပါကြောင်း"**မေးခွန်းနှင့် စပ်လျဉ်း၍ ကန်ပက်လက်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရန် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်(၉၂ ဒသမ ၉၂)သန်း၊ စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေမှ ငွေကျပ်(၃၀ ဒသမ ၆၉)သန်း စုစုပေါင်းငွေကျပ်(၁၂၃ ဒသမ ၆၁)သန်းဖြင့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကန်ပက်လက်-ကျင်ဒွေး မြေသားလမ်း (၅၂)မိုင်၊ ကန်ပက်လက်-ရဲလောင်ပန်း မြေသားလမ်း(၃)မိုင် (၄)ဖာလုံ၊ လုံလဲ-ရာဝဲလ် မြေသားလမ်း(၈)မိုင်(၂)ဖာလုံ၊ ကျင်ဒွေး-မျှုးချိန်းဒိန်း မြေသားလမ်း(၁၃)မိုင်၊ ပေ(၇၀)ရှည် ထိန်ဗားချောင်းကြိုးတံတား၊ ပေ(၄၀၀)ရှည် ခါရိုင်းရွာရှိ စုံကြိုးတံတား၊ ပေ(၁၀၀)ရှည် အောက်ကန့်ကျေးရွာ မုန်းချောင်းတံတားနှင့် (၂၁၄)ပေရှည် မုန်းချောင်းကူးတံတားတို့ကို ဆောက်လုပ်ပေးခဲ့ပါကြောင်း၊ ကန်ပက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဝင်ငွေအနေအထားအရ ကျေးလက်လမ်းတံတားများဆောင်ရွက်ရန် လုံလောက်မှုမရှိသဖြင့် ယခုဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေး ဦးစီးဌာနမှ ထောက်ပံ့ရန်ပုံငွေ ငွေကျပ်သန်း(၂၀)ဖြင့် ကျေးလက်လမ်းများ ဆောင်ရွက်ရန် လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ကန်ပက်လက်မြို့နယ်တွင် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ယခုနှစ်တွင် ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်သော်လည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေအနေအထားအရ လုံလောက်မှုမရှိ၍ ပြည်ထောင်စုအစိုးရအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ထောက်ပံ့ဆောင်ရွက်ပေးနိုင်ရေးအတွက် နှစ်အလိုက် စီမံချက်ရေးဆွဲကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီသို့တင်ပြပြီး အစီအမံဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရိန်းဘွေ၏ **"ဝေးလံသီခေါင်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲ၍ ဖွံ့ဖြိုးမှုနောက်ကျနေသည့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များ၏ ပညာရေးအတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို ဖွင့်လှစ်လျက်ရှိပါကြောင်း၊ ချင်းပြည်နယ်တွင် ကျောင်း (၉)ကျောင်းအထိ နိုင်ငံတော်မှ ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ အဆိုပါ သင်တန်းကျောင်းများတွင် လူမျိုးမရွေး၊ ဘာသာမရွေး ဆင်းရဲနွမ်းပါးပြီး ဉာဏ်ရည်ထက်မြက်သော လူငယ်များအား ရွေးချယ်၍ ပညာသင်ကြားနိုင်ရေး"** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ဒေသများတွင် ခေတ်အဆက်ဆက် ပညာသင်ယူရန် အခွင့်အလမ်းများ နည်းပါးပြီး ဆင်းရဲချို့တဲ့သည့် ကလေးသူငယ်များအတွက် စရိတ်ငြိမ်းပညာသင်ယူနိုင်ရန် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း (၂၉)ကျောင်းအား ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးလျက်ရှိရာ ကချင်ပြည်နယ်တွင်(၄)ကျောင်း၊ ရှမ်းပြည်နယ်တွင်(၇)ကျောင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (၁)ကျောင်းစီ၊ ချင်းပြည်နယ်တွင် (၉)ကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် (၂)ကျောင်းစီ ဖြစ်ပါကြောင်း။

ချင်းပြည်နယ်အတွင်း၌ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ မင်းတပ်-၁၊ မင်းတပ်၂၊ မတူပီနှင့် ကန်ပက်လက်သင်တန်းကျောင်းများ ဖွင့်လှစ်ထားပါကြောင်း၊ သင်တန်းကျောင်းများသို့ တက်ရောက်ရန် ကျောင်းသားအရည်အချင်းသတ်မှတ်ချက်များနှင့်အညီ သင်တန်းသားရွေးချယ်ရာတွင် ဘက်လိုက်မှုမရှိရန်နှင့် ကျောသား၊ ရင်သားမခွဲခြားဘဲ မျှတစွာရွေးချယ်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင်လည်း နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (၂၉)ကျောင်း၌ ကျောင်းသား(၂၅၅၆)ဦး၊ ကျောင်းသူ(၅၀၁)ဦး၊ စုစုပေါင်း (၃၀၅၇)ဦး တက်ရောက်သင်ကြားလျက်ရှိရာ တိုင်းရင်းသားလူမျိုး စုစုပေါင်း (၃၂)မျိုးပါဝင်ပြီး ယင်းတို့အနက် ချင်းတိုင်းရင်းသား(၁၀၃၆)ဦး ပါဝင်ပါကြောင်း။

သင်တန်းကျောင်းများ၌ ပြည်ထောင်စုစိတ်ဓာတ်ဘာသာရပ်ကို အဓိကထားသင်ကြားပေးရာတွင် တိုင်းရင်းသားလူငယ်များ သင်တန်းကျောင်းများတွင် အတူနေထိုင်စေခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ယုံကြည်ရင်းနှီးမှုရစေပြီး ယဉ်ကျေးမှုဓလေ့ထုံးစံများကို အပြန်အလှန်နားလည် သဘောပေါက်ကာ ထိန်းသိမ်းတတ်စေရန် ရည်ရွယ်၍ သင်ကြားလေ့ကျင့်ပေးနေပါကြောင်း၊ တစ်ချိန်တည်း



ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၈) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရိန်းဘွေ မေးမြန်းစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၃) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၃) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

မှာပင် လူမျိုးစွဲ၊ ဘာသာစွဲ၊ စိတ်ဓာတ်ကို ဖြစ်ပေါ်စေနိုင်သည့် အလေ့အထနှင့် အမူအကျင့်များကို ရည်ရွယ်ချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဆောင်ရွက်မိခြင်းမရှိအောင် ကြီးစွာသောသတိဖြင့် ရှောင်ရှားရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို မြဲမြံသည်ထက် ပိုမိုမြဲမြံအောင် နိစ္စဓူဝ အထပ်ထပ်အခါခါ လေ့ကျင့်ပေးခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်၍ ဒို့တာဝန်အရေးသုံးပါးကို အသက်ပေးကာကွယ်စောင့်ရှောက်မည့် လူငယ်အင်အားစုများ ပေါ်ထွန်းလာစေမည်ဖြစ်ပါကြောင်း၊ ပညာရေးပြီးဆုံး၍ လက်တွေ့ဘဝတွင် တာဝန်များထမ်းဆောင်က ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာတည်မြဲမှုရရှိပြီးသည့် အခြေအနေတွင်မူ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၈)၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ ပုဒ်မ (၃၆၂) (၃၆၃)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိယုံကြည်ရာ ဘာသာတရားအား လွတ်လပ်စွာကိုးကွယ်ခွင့်ရှိသည်ကို ကျယ်ဝန်းသော သဘောထားဖြင့် နားလည်သဘောပေါက်ရန် လိုအပ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၏ **"စစ်တွေမြို့၏ လမ်းမကြီးများကို အဆင့်မြှင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြလမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ စည်ပင်သာယာရေးအဖွဲ့၏ မြို့ပြလမ်းတံတားရန်ပုံငွေ ငွေကျပ် (၄၄၅ ဒသမ ၆၄၉)သန်းဖြင့် ကတ္တရာလမ်း(၈၁)လမ်း (၃၂)မိုင်၊ ကျောက်ချောလမ်း(၁၅)လမ်း (၁၀)မိုင်၊ မြေသားလမ်း(၃)လမ်း (၆)ဖာလုံ၊ ကွန်ကရစ်တံတား(၄၈)စင်း၊ သစ်သားတံတား (၁၄)စင်းနှင့် ရေပြွန် (၁၇)စင်းတို့ကို ဆောက်လုပ်ပေးခဲ့ပါကြောင်း၊ စစ်တွေမြို့၏မိုးရေချိန်မှာ နှစ်စဉ်လက်မ(၂၅၀)မှ (၃၀၀)အထိ ရွာသွန်းသဖြင့် လမ်းများပျက်စီးမှု ပိုမိုများပြားရခြင်းဖြစ်ပါကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာန စစ်တွေမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ယခုဘဏ္ဍာရေးနှစ်တွင် အဓိက လမ်းမကြီးများဖြစ်သော ကမ်းနားလမ်း၊ ရှုခင်းသာလမ်း၊ မင်းဘာကြီးလမ်း၊ လမ်းမကြီးလမ်း၊ မေယုလမ်းနှင့် ကုန်သည်လမ်းတို့အပါအဝင် အသစ်တည်ဆောက်ခြင်းနှင့်ပြုပြင်ခြင်းလုပ်ငန်းများကို လျာထားဆောင်ရွက်ပေးလျက်ရှိရာ ကတ္တရာလမ်း(၄)လမ်း ထပ်ပိုးလွှာခင်းခြင်း (၅)ဖာလုံ၊ ကတ္တရာလမ်း(၁)လမ်း တိုးချဲ့ခင်းခြင်း(၂)ဖာလုံ၊ ကတ္တရာလမ်း(၆)လမ်း အဆင့်မြှင့်တင်ခြင်း(၁)မိုင် (၁)ဖာလုံ၊ ကျောက်ချောလမ်း(၂)လမ်း အဆင့်မြှင့်တင်ခြင်း(၃)ဖာလုံ၊ ကတ္တရာလမ်း(၁၈)လမ်း ပြင်ဆင်ခြင်း (၄၃၂၉၈)စတုရန်းပေ၊ ကွန်ကရစ်တံတားအဆင့်မြှင့်တင်ခြင်း(၃)စင်း၊ ကွန်ကရစ်တံတားမွမ်းမံခြင်း(၇)စင်းနှင့် ရေပြွန်အသစ်(၂)စင်းတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

စစ်တွေမြို့၏ လမ်းမကြီးများကို အဆင့်မြှင့်ပြုပြင်ပေးနိုင်ရေးအတွက် ယခုဘဏ္ဍာရေးနှစ်တွင် လျာထားချက်အတိုင်း ဆောင်ရွက်ပေးနေသကဲ့သို့ နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင်လည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အစီအမံရေးဆွဲဆောင်ရွက်ပေးသွားမည်ဖြစ် ပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း၏ **"တိုင်းဒေသကြီးနှင့်ပြည်နယ်များအနက် ချင်းပြည်နယ်သည် ဆင်းရဲမှု(၇၃)ရာခိုင်နှုန်းဖြင့် အဆင်းရဲဆုံးဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခု အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးလုပ်ငန်းစဉ်တွင် အဆင်းရဲဆုံးဒေသများကို ဦးစားပေးဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် ယင်းဒေသများအတွက် လမ်းပန်းဆက်သွယ်ရေးကိုပါ ဦးစားပေးဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်(Millennium Development Goal)တွင် ကမ္ဘာ့နိုင်ငံအသီးသီး၏ ဆင်းရဲမှုလျော့နည်းပပျောက်ရေးနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုရာခိုင်နှုန်းကို လက်ရှိအနေအထား၏ ထက်ဝက်လျော့ချရန် Framework အနေဖြင့် ပြဋ္ဌာန်းထားခဲ့ရာ ယင်းပြဋ္ဌာန်းချက်နှင့်အညီ လုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ချင်းပြည်နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုဝန်ကြီးတစ်ဦးကို ချင်းပြည်နယ်၏ တာဝန်ခံအဖြစ် သီးသန့်တာဝန်ပေးအပ်ကာ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ချင်းပြည်နယ်တာဝန်ခံ ပြည်ထောင်စုဝန်ကြီးအနေဖြင့် ၂၀၁၁ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ချင်းပြည်နယ်ရှိ ကျေးရွာအသီးသီးသို့ ကွင်းဆင်းစစ်ဆေး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပကတိလိုအပ်သည့် ကိစ္စရပ်များအပေါ် ယခုနှစ် ဇူလိုင်လတွင် ငွေကျပ်(၁၆၄၆ ဒသမ ၂၅)သိန်းနှင့် ဩဂုတ်လတွင် ငွေကျပ်(၃၉၈၉ ဒသမ ၄၃)သိန်း၊ စုစုပေါင်းငွေကျပ်(၇၆၃၅ ဒသမ ၆၈)သိန်းကို သုံးစွဲဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့အပြင် အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်း(Micro Finance)အတွက် ပထမအဆင့်အနေဖြင့် တစ်မြို့နယ်လျှင် ငွေကျပ်သိန်း(၁၀၀၀) ရန်ပုံငွေထားရှိရေးကို လည်းကောင်း၊ လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ၊ မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှုကဏ္ဍတို့နှင့် စပ်လျဉ်း၍ ပေါင်းစည်းလယ်ယာ (Integrated Farming)(၁၂)ဖွဲ့၊ အသားကဏ္ဍ(၁၆)ဖွဲ့နှင့် ငါးကဏ္ဍ (၁)ဖွဲ့တို့ကို စုစည်းဆောင်ရွက်ရန်လည်းကောင်း စီမံထားရှိပြီးဖြစ်ပါကြောင်း။

ထို့အပြင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၂၀၁၁ ခုနှစ် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ထောက်ပံ့သော ဆန်(၃၃၂၈)တန်ကို ချင်းပြည်နယ်အတွင်းရှိ ဝေးလံခေါင်ပါးသောကျေးရွာများသို့ ပို့ဆောင်ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါကြောင်း။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်တွင် ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျရခြင်း၏ အဓိကအကြောင်းတစ်ရပ်မှာ ဝေးလံခေါင်ပါးသည့် တောင်တန်းဒေသဖြစ်ခြင်းနှင့် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းတို့ကြောင့်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် ချင်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးလိုအပ်ချက်ကို အထူးအလေးထားလျက် လမ်းနှင့် တံတားများ တိုးတက်ကောင်းမွန်အောင် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် သာမန်ပြင်ဆင် ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ချင်းပြည်နယ်အတွင်းရှိ ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်း၊ ဖလမ်း-ရိဒ်လမ်း၊ ကလေး-နတ်ချောင်း-ဖလမ်းလမ်း၊ တီးတိန်-တွန်းဇံ-ကျီခါးလမ်း၊ တီးတိန်-ရိဒ်လမ်း၊ မင်းတပ်-မတူပီလမ်း၊ ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်း၊ ဟားခါး-မတူပီလမ်း၊ ကန်ပက်လက်-မင်းတပ်လမ်း၊ ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်း၊ မတူပီ-ပလက်ဝလမ်း၊ သိုင်းငင်း-တီးတိန်လမ်းအပါအဝင် လမ်းပေါင်း (၂၀)ကျော်အား မြေသားလမ်းချဲ့ခြင်း၊ ကတ္တရာလမ်းတိုးတက်ပြုပြင်ခြင်း၊ တောင်ပြိုမြေဖယ်ရှားခြင်း၊ တံတားနှင့် ရေပြွန်များတည်ဆောက်ခြင်း၊ မြေကာနံရံတည်ဆောက်ခြင်း၊ သစ်ဆည်ခတ်ခြင်းစသည့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာချင်းဆက်လမ်း စုစုပေါင်း(၁၁၅)မိုင်ကို ဖောက်လုပ်ပေးခဲ့ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင်လည်း ချင်းပြည်နယ်အတွင်းရှိ လမ်းများ စုစုပေါင်း(၉၈)မိုင်၏ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေး ရေရှည်ဖွံ့ဖြိုးတိုးတက်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ရေးကို ရည်မှန်းလျက် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီဖြင့် ခန့်မှန်းကုန်ကျငွေ အမေရိကန်ဒေါ်လာသန်း (၇၀)ခန့်ရှိသည့် တီးတိန်-ရိဒ်အဝေးပြေးလမ်း (၈၀ ဒသမ ၁၇၈) ကီလိုမီတာ ဖောက်လုပ်ရေးစီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပြီး ၂၀၁၄ ခုနှစ်ကုန်ခန့်တွင် စီမံကိန်းပြီးစီးရန် ရည်မှန်းထားပါကြောင်းနှင့်ပြည်ထောင်စုအစိုးရအနေဖြင့် ချင်းပြည်နယ်ကို အထူးဒေသအဖြစ် သတ်မှတ်၍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျလှသည့် လမ်းပန်းဆက်သွယ်မှုချောမွေ့ရေးကို အစဉ်အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်၏ **"ပလက်ဝမြို့တွင် သောက်သုံးရေ လုံလောက်စွာရရှိနိုင်ရေးအတွက် လက်ရှိမြစ်ရေတင်စနစ်ကို အဆင့်မြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ချင်းပြည်နယ် ပလက်ဝမြို့ မြို့ရေပေးရေးလုပ်ငန်းများအား မြို့ပြဖွံ့ဖြိုးတိုးတက်လာမှုနှင့် လူဦးရေတိုးတက်လာမှုတို့အပေါ်အခြေခံ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကစ္ဆပနဒီမြစ်ရေအား ရေတင်စက်ဖြင့် ဂါလန်(၂၀၀၀၀)ဆံ့ ရေစုကန်သို့တင်ပို့၍ မြို့တွင်းသို့ (၂၅) HP ရေတွန်းစက်ဖြင့် ရေတွန်းပို့စနစ် တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းပေရှည် (၁၀၅၀၀) ပေ သွယ်တန်းခြင်းနှင့် သင်းသေချောင်းရေတံခွန်မှ စိမ့်စမ်းရေသွယ်စနစ်ဖြင့် ဂါလန်(၄၆၀၀)ဆံ့ရေစုကန် တည်ဆောက်ခြင်း၊ လက်ရှိပိုက်လိုင်းများသို့ ဖြန့်ဝေပေးခြင်းတို့ဆောင်ရွက်ကာ မြို့ရေလိုအပ်ချက်၏ (၇၃)ရာခိုင်နှုန်းခန့် ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာန ပလက်ဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားမှုမှာ ငွေကျပ် (၅၇)သန်းဖြစ်ပြီး မြို့ပြ၊ ရေပေးရေးလုပ်ငန်းများအတွက် ငွေကျပ်(၂ ဒသမ ၈)သန်းဖြင့် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့ရေပေးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် မူလရန်ပုံငွေလျာထားချက်နှင့် လုံလောက်မှုမရှိပါ၍ စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်) ထောက်ပံ့ရန်ပုံငွေ ငွေကျပ်(၁၃)သန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေ ငွေကျပ်(၄)သန်း၊ စုစုပေါင်းငွေကျပ်(၁၇)သန်းဖြင့် ယခုဘဏ္ဍာရေးနှစ်အတွင်း ဂါလန်(၂၀၀၀၀)ဆံ့ အနည်ထိုင် ကန်(၁)လုံးတည်ဆောက်ခြင်း၊ ၄လက်မ PVC ပိုက်(၅၆၇၀)ပေအစားထိုးခြင်းလုပ်ငန်းနှင့် ၃လက်မ PVC ပိုက်(၅၁၀၀)ပေအား ရေဖြန့်ဝေပိုက်အဖြစ် တိုးချဲ့သွယ်တန်းခြင်း စသည့် မြို့ရေပေးရေးလုပ်ငန်းများကို အဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်သွားရန် လျာထားပါကြောင်း။

အထက်ပါလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက အနည်ထိုင်ကန်မှတစ်ဆင့် ကလိုရင်းဆေးခတ်ပြီး ရေပေးဝေနိုင်မည်ဖြစ်သဖြင့် ရေအရည်အသွေးပိုမိုကောင်းမွန်လာပြီး ပလက်ဝမြို့ပေါ် ရပ်ကွက် (၃)ရပ်ကွက်ရှိ ပြည်သူများအတွက် တစ်နေ့ရေဂါလန် (၁ ဒသမ

သ်ရေးလိုအပ်ချက်ကို အထူး
းများ တိုးတက်ကောင်းမွန်
ရှိပါကြောင်း။
နဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာ
သိမ်းခြင်းရန်ပုံငွေဖြင့် ချင်း
ဘားခါးလမ်း၊ ဟားခါး-ဂန့်ဂေါ
ချောက်လမ်း၊ ဖလမ်း-ရိဒ်လမ်း၊
တီးတိန်-တွန်းဇံ-ကျီခါးလမ်း၊
မ်း၊ ပခုက္ကူ-ပေါက်-ကျောက်
မ်း၊ ကန်ပက်လက်-မင်းတပ်
လမ်း၊ မတူပီ-ပလက်ဝလမ်း၊
လမ်းပေါင်း (၂၀)ကျော်အား
ိုးတက်ပြုပြင်ခြင်း၊ တောင်ပြို
ပြွန်များတည်ဆောက်ခြင်း၊
ည်ခတ်ခြင်းစသည့် ပြင်ဆင်
င်ရွက်ပေးလျက်ရှိပါကြောင်း။
**နဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာ
လမ်း စုစုပေါင်း(၁၁၅)မိုင်ကို
-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင်
းများ စုစုပေါင်း(၉၈)မိုင်၏
ဆောင်ရွက်ခဲ့ပါကြောင်း။**
သ်ရေး ရေရှည်ဖွံ့ဖြိုးတိုးတက်

ဆည်မြောင်းဝန်ကြီးဌာန
းဆွေးနွေးစဉ်။
(သတင်းစဉ်)

အစိုးရအဖွဲ့အနေဖြင့် အိန္ဒိယ
မှန်းကုန်ကျငွေ အမေရိကန်
ိန်-ရိဒ်အဝေးပြေးလမ်း (၈၀
လုပ်ရေးစီမံကိန်းတစ်ရပ်ကို
က်ရှိရာ ယခုအခါ နားလည်မှု
သ့်အဆင့်သို့ ရောက်ရှိနေပြီ
ကိန်းပြီးစီးရန် ရည်မှန်းထား
အနေဖြင့် ချင်းပြည်နယ်ကို
တိုးတက်ရေးတွင် အဓိကကျ
မ့်ရေးကို အစဉ်အလေးထား
ဖြကြားသည်။
်(၁၂)မှ ဦးဆလိုင်းခွဲယန်၏
**လာက်စွာရရှိနိုင်ရေးအတွက်
င့်ပေးရန် အစီအစဉ်ရှိ/မရှိ**
ျဉ်း၍ ချင်းပြည်နယ် ပလက်ဝ
မြို့ပြဖွံ့ဖြိုးတိုးတက်လာမှုနှင့်
ခြံ၍ မြို့နယ်စည်ပင်သာယာ
ဂင်စက်ဖြင့် ဂါလန်(၂၀၀၀၀)ဆံ့
HP ရေတွန်းစက်ဖြင့် ရေတွန်း
ိလိုင်းပေရှည် (၁၀၅၀၀) ပေ
ရေတံခွန်မှ စိမ့်စမ်းရေသွယ်
တည်ဆောက်ခြင်း၊ လက်ရှိ
ာင်ရွက်ကာ မြို့ရေလိုအပ်ချက်
က်ရှိပါကြောင်း။
**က်ဝမြို့နယ်စည်ပင်သာယာ
ေးနှစ် ဝင်ငွေလျာထားမှုမှာ
ပေးရေးလုပ်ငန်းများအတွက်
ထားဆောင်ရွက်လျက်ရှိပါ
း တိုးချဲ့ဆောင်ရွက်ရန် မူလ
ှုမရှိပါ၍ စည်ပင်သာယာရေး
ငွေကျပ်(၁၃)သန်း၊ မြို့နယ်
ာ်ရန်ပုံငွေ ငွေကျပ်(၄)သန်း၊
ဘဏ္ဍာရေးနှစ်အတွင်း ဂါလန်
တည်ဆောက်ခြင်း၊ ၄လက်မ
းလုပ်ငန်းနှင့် ၃လက်မ PVC
အဖြစ် တိုးချဲ့သွယ်တန်းခြင်း
းကို အဆင့်မြှင့်တင်တိုးချဲ့
ာင်း။**
ရွက်ပြီးစီးပါက အနည်ထိုင်
ရေပေးဝေနိုင်မည်ဖြစ်သဖြင့်
ပြီး ပလက်ဝမြို့ပေါ် ရပ်ကွက်
တစ်နေ့ရေဂါလန် (၁ ဒသမ

၁)သိန်းထိ တိုးမြှင့်ဖြန့်ဝေပေးနိုင်မည်ဖြစ်ရာ ရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဆွန်ဒုတ်ကျင့်က **"ကလေး-ဖလမ်း လမ်းမကြီးမှ မွာလ်ဘင်းကျေးရွာသို့ဆက်သွယ်ထားသည့် အရှည်(၁၂)မိုင်ရှိ ဇောင်ကောင်-မွာလ်ဘင်း ကားလမ်းမှာ မြေသားလမ်းဖြစ်၍ မိုးရာသီတွင် သွားလာရခက်ခဲပါကြောင်း၊ ကားလမ်းများဖြတ်သန်းရာ မွာလ်ဘင်းတံတား(ခ)မဏိပူရ မြစ်ကူးကြိုးတံတားမှာလည်း ကြံ့ခိုင်မှုမရှိတော့သည့်အတွက် ကုန်တင်ဂျစ်ကားများ ဖြတ်သန်းရာတွင် ခံနိုင်ရည်မရှိတော့ပါကြောင်း၊ ထို့ကြောင့် ဇောင်ကောင်-မွာလ်ဘင်းလမ်းအား (၁၂) ရာသီသွားလာနိုင်သည့် ကားလမ်းဖောက်လုပ်ရန်နှင့် မွာလ်ဘင်းတံတား(ခ)မဏိပူရမြစ်ကူးကြိုးတံတားအား အမြန်ဆုံးပြုပြင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးမြန်းရာ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ တီးတိန် မြို့နယ်၏ လမ်းပန်းဆက်သွယ်ရေး ချောမွေ့မှုအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းရန်ပုံငွေမှ ငွေကျပ်(၄၄၇) သိန်းသုံးစွဲကာ လမ်းတံတားလုပ်ငန်းများဖြစ်သည့် တွန်းဇံ-ကျီခါးလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ တီးတိန်-ရိဒ်မြေလမ်း(၃၁)မိုင်၊ တီးတိန်-ထုတ်လှိုင် ကျောက်ခင်းလမ်း(၈)မိုင်၊ ဇောင်ကောင်-လေးဒွေ့-လိမ်ခိုင်လမ်း(၅)မိုင် ကျောက်ခင်းခြင်း၊ ဒေါလွင့်-စပန့်-ဇိုဇန်မြေလမ်း(၃၆)မိုင်၊ ထန်းဇန်-တက်လူမြေလမ်း(၁၆)မိုင်၊ ပေ(၄၂၀)ရှိ မဏိပူရမြစ်ကူးတံတား(ကပ်တဲလ်)၊ ပေ(၄၀၀)ရှိ ဂမ်လိုင်လူကူးကြိုးတံတား၊ ပေ(၁၄၀)ရှိ ဇိုဇမ်ကျေးရွာ ပလာတာချောင်းကူးတံတားတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

တီးတိန်မြို့နယ်အတွင်းရှိ ဇောင်ကောင်-လေးဒွေ့-မွာလ်ဘင်း မြေသားလမ်း(၁၂)မိုင်ကို ရာသီမရွေး သွားလာနိုင်ရေးစီမံချက်အရ ၁၉၉၈-၁၉၉၉ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ငွေကျပ်(၁၃)သိန်းသုံးစွဲပြီး စက်ယန္တရားများကိုပါ ပံ့ပိုးထောက်ပံ့လျက် ဇောင်ကောင်-လေးဒွေ့-လိမ်ခိုင်အထိ ကျောက်ခင်းလမ်း(၅)မိုင်ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခု၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင်မူ ချင်းပြည်နယ်အတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ ငွေကျပ်(၃၂၉)သိန်းဖြင့် ဆူးရိခွား-ဘုံဖုံးလမ်း(၃၆)မိုင်၊ ရေဇွာ-လိုင်လင်းပီ မြေလမ်း(၂၆)မိုင်နှင့် ရေဇွာ-ဇဘောင်သဲ မြေလမ်း(၃၆) မိုင် စုစုပေါင်းလမ်းသုံးလမ်း အရှည်(၉၈)မိုင်ကို ပြုပြင်ထိန်းသိမ်းရေးအတွက် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ချင်းပြည်နယ်အတွင်းရှိ လမ်းများကို မြေသားလမ်းချဲ့ခြင်း၊ ကတ္တရာလမ်းတိုးတက်ပြုပြင်ခြင်း၊ တောင်ပြိုမြေဖယ်ရှားခြင်း၊ တံတားနှင့် ရေပြွန်များတည်ဆောက်ခြင်း၊ မြေကာနံရံ တည်ဆောက်ခြင်း၊ သစ်ဆည်ခတ်ခြင်းစသည့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဇောင်ကောင်-လေးဒွေ့-မွာလ်ဘင်း လမ်း(၁၂)မိုင်ကို ရာသီမရွေး သွားလာနိုင်ရေးအတွက် ကျောက်ခင်းလမ်းအဆင့်သို့ တိုးမြှင့်နိုင်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေမှ လျာထားနိုင်ရေးအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း။

အလားတူပင် အလျားပေ(၃၀၀)ခန့်ရှိသော မဏိပူရကြိုးတံတား(မွာလ်ဘင်း)ကိုလည်း ကုန်တင် ဂျစ်ကားများဖြတ်သန်းရာတွင် ခံနိုင်ရည်ရှိသောအဆင့်သို့ရောက်ရှိစေရန် တံတားအသစ်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် လိုအပ်သောလေ့လာမှုများ ပြုလုပ်ပြီး ဖြစ်နိုင်ခြေများအပေါ် ချင့်ချိန်လျက် အစီအမံဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်က **"'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရုံးစိုက်ရာ ဟိုပန်မြို့နှင့် မက်မန်းမြို့သို့ နေ့ချင်းပေါက် တိုက်ရိုက်ဆက်သွယ်နိုင်သော ကားလမ်းသစ်ဖောက်လုပ်ရန်နှင့် မက်မန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုတစ်ခုနှင့်တစ်ခု ဆက်သွယ်နိုင်သော ကားလမ်းများဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်တွင် စတင်ဖောက်လုပ်မည်ကို သိရှိလိုပါကြောင်း"** မေးမြန်းရာ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေမှကျခံ၍ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား၍ ဆောင်ရွက်ပေးလျက်ရှိရာ "ဝ"ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်(၄၈၀၉)သန်း သုံးစွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

"ဝ"ဒေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းရှိ ဟိုပန်မြို့နယ်နှင့် မက်မန်းမြို့နယ်တို့ ဆက်သွယ်သည့် အဓိကလမ်းကြောင်းများဖြစ်သည့် ဟိုပန်-လားရှိုး-မန္တလေး-တောင်ကြီး-မိုင်းပျဉ်း-မက်မန်းလမ်း (၈၀၄)မိုင်၊ ဟိုပန်-လားရှိုး-တန့်ယန်း-ပန်ဆန်း-မက်မန်းလမ်း (၃၄၃)မိုင်နှင့် ဟိုပန်-မိုင်းမော-ပန်ဆန်း-မက်မန်းလမ်း (၂၅၇)မိုင်တို့ကိုလည်း ဖောက်လုပ်ထားပြီးဖြစ်ပါကြောင်း။

အထက်ပါ လမ်းပိုင်းများမှ ပထမလမ်းဖြစ်သော ဟိုပန်-လားရှိုး-မန္တလေး-တောင်ကြီး-မိုင်းပျဉ်း လမ်းပိုင်းမှ (၇၃၁)မိုင်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့် ဖောက်လုပ်ထားခဲ့သော ကတ္တရာလမ်းဖြစ်ပြီး ရာသီမရွေးသွားလာနိုင်ပါကြောင်း၊ ယင်းလမ်းပိုင်းမှ ကျန်ရှိသော မိုင်းပျဉ်း-မက်မန်းလမ်း (၇၃)မိုင်ကိုလည်း ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့် ဖောက်လုပ်ခဲ့ရာ ယခုအခါ မြေသားလမ်းအဆင့် ဆောင်ရွက်နေပြီး ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းအား အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အလားတူ ဒုတိယလမ်းဖြစ်သော ဟိုပန်-လားရှိုး-တန့်ယန်း-ပန်ဆန်းလမ်းမှာ ရာသီမရွေးသွားလာနိုင်သောလမ်းဖြစ်ပြီး နှစ်စဉ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

တတိယလမ်းဖြစ်သော ဟိုပန် -မိုင်းမော-ပန်ဆန်းလမ်း (၂၀၉) မိုင်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ငွေကျပ်(၁၇၉ ဒသမ ၁၅) သန်းဖြင့် ဆောင်ရွက်ခဲ့သော အမာခံကျောက်ချောလမ်းဖြစ်ပြီး ရာသီမရွေးသွားလာနိုင်ရေးအတွက် လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ပန်ဆန်း-မက်မန်းလမ်း(၄၈)မိုင်မှာ ဒေသအစီအစဉ်ဖြင့် ဖောက်လုပ်ထားသော မြေသားလမ်းဖြစ်သဖြင့် ပွင့်လင်းရာသီတွင် ယာဉ်များ သွားလာနိုင်ကြောင်းကို သိရှိရပါကြောင်း။

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့မှ မက်မန်းမြို့သို့ တိုက်ရိုက်ဆက်သွယ်နိုင်ရန် လက်ရှိအသုံးပြုနေသော ဟိုပန်-မိုင်းမော-ပန်ဆန်းလမ်း (၂၀၉)မိုင်အား အဆင့်မြှင့်တင်ပြီး ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်ထားသော ပန်ဆန်း-မက်မန်းလမ်း (၄၈) မိုင်အား ရာသီမရွေးသွားလာနိုင်ရန် အဆင့်တိုးမြှင့်ဖောက်လုပ်ခြင်းသည်သာ ရေရှည်တွင် သင့်တော်ကောင်းမွန်သောနည်းလမ်းဖြစ်ကြောင်းနှင့် ဟိုပန်-မက်မန်း နေ့ချင်းပေါက် ခရီးရောက်နိုင်ပြီး ဒေသအတွင်း သွားလာမှုလွယ်ကူစေမည်ဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လာစေရေးအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီသို့ ရန်ပုံငွေတင်ပြတောင်းခံ၍ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေခွင့်ပြုမှုနှင့်အညီ အစီအမံများရေးဆွဲ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ မက်မန်းမြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့သည် ရန်ပုံငွေမရှိသော မြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့ဖြစ်သဖြင့် လစာနှင့် ရုံးသုံးစရိတ်များကို နိုင်ငံတော်ထောက်ပံ့ ရန်ပုံငွေမှ နှစ်စဉ်ပံ့ပိုးပေးလျက်ရှိပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)ထောက်ပံ့ရန်ပုံငွေမှ ငွေကျပ်သန်း(၂၀)ဖြင့် မက်မန်း မြို့နယ်ခွဲ မြို့တွင်းကျောက်ချောလမ်း(၁)မိုင် ဆောင်ရွက်ပေးသွားရန် လျာထားပါကြောင်း။

မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုတစ်ခုနှင့် တစ်ခု ဆက်သွယ်နိုင်သောကားလမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအနေဖြင့် နောင်လာမည့်နှစ်များတွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေရရှိရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ တင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယမန်နေ့က မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစိုးထွန်း တင်သွင်းထားသည့် **"ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုများအပေါ် တရားမျှတစွာဖြေရှင်းဆုံးဖြတ်ရေးပညာရှင်အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဗိုလ်မှူးနိုင်နိုင်ဝင်း၊ ဦးဝင်းနိုင်ရှိန်၊ ဒေါက်တာတင်ရွှေ၊ ဒေါက်တာခင်မောင်လေး၊ ဒေါက်တာလှသိန်းနှင့် ဒေါက်တာဝင်းမြင့်အောင်တို့က ယနေ့ခေတ်တွင် အစိုးရဆေးရုံ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ များစွာပေါ်ထွက်လာပြီဖြစ်ပါကြောင်း၊ ဆေးကုသမှုတွင် ခေတ်မီတိုးတက်လာသည်နှင့်အမျှ ပြည်သူများသည်လည်း ဆေးပညာဗဟုသုတများ တိုးပွားလာကြပြီဖြစ်ပါကြောင်း၊ လူနာနှင့် လူနာအသိုင်းအဝိုင်းများက ကျန်းမာရေးစောင့်ရှောက်ပေးသော ဆရာဝန်များအပေါ် မကျေနပ်မှုများပေါ်ပေါက်ကာ အထက်ဌာနသို့ တိုင်ကြားခြင်း၊ လျော်ကြေးငွေတောင်းခံခြင်းနှင့် တရားစွဲဆိုခြင်းများ ပြုလုပ်လာကြပါကြောင်း၊ ထိုသို့ဖြစ်ပွားရခြင်းမှာ ဆရာဝန်နှင့်လူနာအကြား ဝိရောဓိများဖြစ်ပေါ်ပြီး နှစ်ဖက်စလုံးတွင် အားနည်းချက်များ ရှိခြင်းကြောင့်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများဘက်မှလည်း လူမှုရေး၊ ဆက်ဆံရေး၊ ကုသရေး၊ စေတနာထားရှိမှု၊ စာနာထောက်ထားမှုနှင့် ကျင့်ဝတ်သိက္ခာရှိမှုတို့ အားနည်းသည်ကိုတွေ့ရပါကြောင်း၊ အချို့သောဆရာဝန်များသည် အလုပ်များခြင်းနှင့် အချိန်တိုအတွင်းတွင် လူနာများစွာကိုကြည့်ရှုရခြင်းတို့ကြောင့် လူနာကရောဂါအခြေအနေရှင်းပြခြင်းကိုပင် နားထောင်မပေးနိုင်ဘဲ ကုသမှုပေးခြင်း၊ ကုသမှုနှင့်ပတ်သက်၍ ရှင်းပြမှု၊ ညွှန်ကြားမှုများပေးရန် အားနည်းခြင်းတို့ဖြစ်ပေါ်နေပါကြောင်း။

အချို့သော လူနာများအနေဖြင့်လည်း ၎င်းနှင့်သက်ဆိုင်သော ပုဂ္ဂိုလ်များ၏ မှားယွင်းသော အတွေးအခေါ်အယူအဆဖြင့်လည်းကောင်း၊ အခြေအနေမှန်ကိုမသိသော ပတ်ဝန်းကျင်နှင့် အမြတ်အစွန်း၊ အခွင့်အရေးလိုချင်သော ကြားလူပုဂ္ဂိုလ်တို့၏ တိုက်တွန်းစေ့ဆော်မှုကြောင့်လည်းကောင်း လျော်ကြေးငွေ တောင်းခံခြင်းနှင့် တရားစွဲဆိုခြင်းတို့ ဖြစ်ပေါ်ရခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

ဆေးကုသရာတွင် ကုသမှု၏ရည်ရွယ်ချက်၊ ရရှိမည့် ကောင်းကျိုးနှင့် ဆိုးကျိုးများ၊ ဖြစ်လာနိုင်သည့် နောက်ဆက်တွဲဖြစ်ရပ်များကို လူနာနားလည်သဘောပေါက်အောင် ဆရာဝန်မှ ရိုးသားစွာရှင်းပြရန် လိုအပ်ပါကြောင်း၊ သို့မှသာ လူနာနှင့် ဆရာဝန်ကြား ယုံကြည်မှုတည်ဆောက်နိုင်ပြီး ဆေးစွမ်းလည်း ထက်လာမည်ဖြစ်ကြောင်း၊ ဆရာဝန်နှင့်လူနာကြား နားလည်မှုလွဲခြင်း၊ လျော်ကြေးတောင်းခံခြင်းနှင့် တရားစွဲဆိုမှုများလည်း လျော့နည်းလာလိမ့်မည်ဖြစ်ကြောင်း။

Medical Protective Society ကို ယူနိုက်တက်ကင်းဒမ်းနိုင်ငံတွင် ၁၈၉၂ ကဖွဲ့စည်းခဲ့ပြီး ဆေးပညာဆိုင်ရာ စွပ်စွဲချက်နှင့် ကုသမှုဆိုင်ရာအငြင်းပွားမှုများကို ဖြေရှင်းပေးနေပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း လူနာနှင့် ဆရာဝန်အကြား ပြဿနာပေါ်ပေါက်ခဲ့လျှင် လူနာနှင့် ဆရာဝန်တို့က အားကိုးရပြီး တရားမျှတစွာ ကိုင်တွယ်ဖြေရှင်းပေးမည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုများအပေါ် တရားမျှတစွာ ဖြေရှင်းဆုံးဖြတ်ရေး ပညာရှင်အဖွဲ့ပေါ်ပေါက်ရန် လိုအပ်လာပြီ ဖြစ်ပါကြောင်း။

နိုင်ငံတော်မှလည်း Social Welfare ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အငြင်းပွားမှုများ၏ အစ၊ နောက်ဆက်တွဲ ပြဿနာများနှင့် ဆရာဝန်များနှင့် လူနာများအပိုင်းတို့ကို လေ့လာသင့်ပါကြောင်း၊ ဘေးပယောဂနှင့် အတွေးအခေါ်အယူအဆ လွဲမှားမှုများကြောင့် အသေးအဖွဲပြဿနာမှ ကြီးမားလာတတ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းအပိုင်း၌လည်း ကုသမှုထိရောက်စေရေးအတွက် ဆရာဝန်ကတိသစ္စာ (၈)ချက်အတိုင်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စေတနာဆရာဝန်များ ဖြစ်ကြရန် လိုအပ်ပါကြောင်း၊ အလားတူ လူနာများကလည်း ဆရာဝန်များ၏ အသိပညာ၊ အတွေ့အကြုံ၊ စေတနာနှင့် ကြိုးစားအားထုတ်ကုသမှုများကိုလည်း နားလည်သဘောပေါက်ကြရန် လိုအပ်ပါကြောင်း၊ ဆရာဝန်များကိုသာ အပြစ်တင်စွပ်စွဲနေကြမည်ဆိုလျှင်လည်း မြန်မာ့လူ့ဘောင်၏ ကောင်းမြတ်သည့် အစဉ်အလာ ပျက်ပြားသွားမည်ကို စိုးရိမ်ရပါကြောင်း၊ ဆေးရုံဆေးခန်းများကလည်း ထိရောက်မှန်ကန်သည့်ကုသမှု၊ ထိုက်တန်သည့်ဝန်ဆောင်မှု၊ နွေးထွေးသည့်ဆက်ဆံမှုများ ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ပြီး ဆရာဝန်နှင့်လူနာ နှစ်ဦးနှစ်ဖက် ရပိုင်ခွင့်နှင့် တာဝန်များကို အပြန်အလှန် နားလည်သဘောပေါက်ကျင့်သုံးရန် လိုအပ်ပါကြောင်း၊ သို့မှသာ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍသည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆိုသကဲ့သို့ အပြန်အလှန်အကျိုးရှိကျေးဇူးပြုနိုင်မည့် ကဏ္ဍဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က **ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အငြင်းပွားမှုများအပေါ် တရားမျှတစွာဖြေရှင်းဆုံးဖြတ်ရေး ပညာရှင်အဖွဲ့တစ်ဖွဲ့** ဖွဲ့စည်းရန် လိုအပ်နေပါကြောင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် တွဲဖက်၍ဖြစ်စေ သို့မဟုတ် မြန်မာနိုင်ငံဆရာဝန်အသင်းက ဦးဆောင်၍ဖြစ်စေ ဖွဲ့စည်းသင့်ပါကြောင်း၊ အသင်းဝင်များအနေဖြင့် ငွေကြေးထည့်ဝင်ထားပြီး အဖွဲ့အတွက် လိုအပ်မည့်သူများကို စေတနာ့ဝန်ထမ်း/အခကြေးငွေဖြင့် ထားရှိသင့်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သောအကြံဉာဏ်နှင့် အကူအညီများ ပေးသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးပြီး ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းထားသည့် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့် အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင် (ICOLD)သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးရှုမောင်၊ ဦးစိုးမြင့်၊ ဦးစိုင်းကျော်ဇောသန်းနှင့် ဦးစတီဗင်သာဘိတ်တို့က ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းတွင် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေရရှိရေးတို့အတွက် တမံများတည်ဆောက်ခဲ့ရာ တမံစုစုပေါင်း(၂၃၅)ခုရှိလာသည်ဟု သိရှိရကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်အရ တမံကြီးများ ဆက်လက်တည်ဆောက်ပေးနေရမည် ဖြစ်ပါကြောင်း၊ ယင်းသို့တည်ဆောက်ထားသည့် တာတမံကြီးများ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် မြော်တွေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တာတမံများ ရေရှည်ခိုင်ခံ့စေမည့်နည်းစနစ်များ၊ ဒီဇိုင်းများနှင့် အကြံဉာဏ်များ ရရှိရေးအတွက် ICOLD ထံမှ အကူအညီများတောင်းခံသင့်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က နိုင်ငံတော်တွင် စိုက်ပျိုးရေရရှိရေး၊ ရေဘေးကာကွယ်ရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးတို့အတွက် အမြင့်ပေ (၂၀၀)အောက်နှင့် ပေ (၂၀၀)အထက်ရှိ အသေးစား၊ အလတ်စားနှင့် ရေလှောင်တမံကြီးများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနတို့က တာဝန်ယူ တည်ဆောက်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် အကျိုးတူ ပူးပေါင်းတည်ဆောက်မည့် အစီအစဉ်များလည်း ရှိပါကြောင်း။

ရေလှောင်တမံများတည်ဆောက်ရာတွင် ပညာရပ်ပိုင်းဆိုင်ရာ အခက်အခဲများကို တိုင်ပင်ဖြေရှင်းနေရမည်ဖြစ်ရာ မြန်မာနိုင်ငံ အနေဖြင့် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် အခြေစိုက်သည့် တမံကြီးများ၏ အပြည်ပြည်ဆိုင်ရာ ကော်မရှင် (International Commission on Large Dams-ICOLD) သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခြင်းဖြင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်မှုရရှိလျက် သက်ဆိုင်ရာ ပညာရပ်ပိုင်းတွင် ရင်ပေါင်တန်းလိုက်ပါနိုင်မည်ဟု သုံးသပ်တင်ပြလိုပါကြောင်း။

ICOLD ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်ပါက လိုအပ်သော ကျွမ်းကျင်မှု အကြံဉာဏ်များရယူခြင်း၊ အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ပညာရပ်ပိုင်းဆိုင်ရာ တွေ့ဆုံနှီးနှောဖလှယ် ရယူနိုင်ခြင်း၊ သုတေသနတွေ့ရှိချက်များ စဉ်ဆက်မပြတ် မျှဝေရရှိနိုင်ခြင်း၊ ပြည်တွင်းအင်ဂျင်နီယာများအနေဖြင့် နိုင်ငံတကာတွင် ဝင်ဆံ့နိုင်ရန် လမ်းပွင့်ခြင်း စသည့်အခွင့်အရေးများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကို ဖွဲ့စည်းထားရှိခြင်းကြောင့် အာဆီယံနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ICOLD အဖွဲ့ဝင်ဖြစ်ခဲ့ပါက နိုင်ငံတကာတွင် ပါဝင်ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ (Myanmar National Committee on Large Dams-MNCOLD) ကို ဖွဲ့စည်းပြီး တမံကြီးများ၏ အပြည်ပြည်ဆိုင်ရာကော်မရှင်သို့ ပါဝင်ရန်သင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်းက **"ပြည်သူများ ဥပဒေနှင့်အညီ အေးချမ်းသာယာစိတ်ချမ်းမြေ့စွာ၊ လူနေမှုဘဝလုံခြုံစွာ နေထိုင်နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်တို့က ဥပဒေနှင့်အညီ ဆောင်ရွက်လုပ်ကိုင်နိုင်ပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီး ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က **"မတော်တဆ ထိခိုက်မှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဘေးကင်းလုံခြုံရေးအရာရှိ (Safety Officer) ခန့်ထားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီး ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်းက **"ဆင်းရဲမှုလျော့နည်းပပျောက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အသေးစားချေးငွေလုပ်ငန်းကို ကြီးမားစွာထိခိုက်နိုင်သည့် လောင်းကစားခြင်းများ ကင်းစင်ပပျောက်သွားစေရန် လူထုလှုပ်ရှားမှုအပါအဝင် နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီး ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

ယင်းနောက် ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ညနေ(၄)နာရီ (၁၀)မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၄ ရက် ဗုဒ္ဓဟူးနေ့ နံနက် (၁၀) နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်း(၉)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားခြင်းနှင့် ယမန်နေ့ကတင်သွင်းခဲ့သည့် အဆို(၂)ခုကို အတည်ပြုခြင်း၊ အဆိုသစ်(၃)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၉-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ "ဉာဏ်အလင်း(၅)စင်း အမှောင်ခွင်း"တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၂၆)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၆၈)**
- ၈:၅၀ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုအနုပညာအဖွဲ့၏ ဖျော်ဖြေပွဲ(အပိုင်း-၁)
- ၉:၂၅ Activities in The City
- ၉:၄၅ အားကစားမြင်ကွင်းစုံ
- ၁၀:၁၅ ခရမ်းမြို့မှ သံဃဒါန ဆွမ်းလောင်းလှူပွဲ
- ၁၀:၃၀ ဓာတ်ပုံထဲမှအမှတ်တရများ
- ၁၁:၀၀ ကုသိုလ်ပြုကာဆင်ယင်နွှဲ ဒီပဲယင်းရှင်ပြုပွဲ
- ၁၁:၁၀ Activities in The City
- ၁၁:၃၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၅ မူဟန်ကိုယ်စီတေးကိုသီ
- ၁၂:၁၅ မာဂဓိ-သာစည်မှုဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ
- ၁၂:၃၀ SUNSHINE EDUCATION CENTER
- ၁:၀၀ "ဉာဏ်အလင်း(၅)စင်း အမှောင်ခွင်း"တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း
- ၃:၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၂၆)**
- ၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၆၈)**
- ၅:၀၀ Activities in The City
- ၅:၁၅ မေတ္တာလက်ဖြင့်အလင်းသစ်တို့ ဖန်တီးရာ မြင်းမူမြို့မှာ. . .
- ၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သင်ကြားရေးလမ်းညွှန်
- ၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၂၇)**
- ၇:၂၅ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုအနုပညာအဖွဲ့၏ ဖျော်ဖြေပွဲ(အပိုင်း-၂)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Cartoon Show Time
- ၉:၁၀ Celebrity Style
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၆၉)**
- ၁၀:၂၀ Box Office Movies (Star Trek)
- ၁၀:၄၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ(သုတေသီ)]
- ၁၁:၁၅ World of Knowledge
- ၁၂:၀၅ ဒစ်ဂျစ်တယ်အလှကမ္ဘာ
- ၁၂:၁၅ ကိုယ်ပိုင်ဟန်ဖက်ရှင်
- ၁၂:၃၀ ကွမ်းစားခြင်းနှင့် ခံတွင်းရောဂါ အန္တရာယ်(ပါမောက္ခဦးမြသော်)
- ၁၂:၄၀ စွဲမက်ဖွယ်ရာရတနာ
- ၁:၀၅ အလျော်အစား (ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၁:၁၅ လှပချစ်စရာ လက်မှုအနုပညာ
- ၁:၄၅ ထူးခြားသွင်ပြင်သတ္တုပန်းပုရုပ်သွင်
- ၂:၀၀ ဗဟုသုတများစုဆောင်းရာ Knowledge Bank
- ၂:၁၅ အတ္တရံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ရွာကလေး
- ၂:၂၅ ဒို့တိုင်းဌာနီဧရာဝတီ
- ၂:၄၅ ပြီးပြည့်စုံခြင်းများနှင့် Reto Coffee Machine
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ လားရှိုးမြို့မှကြိုဆိုပါ၏
- ၄:၁၅ ကြည်ညိုဖူးမြော်ပုပ္ပားတောင်ကလပ်စေတီတော်
- ၄:၃၅ အံ့ဖွယ်ထင်ရှား ကျိုက္ခမီဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည်
- ၅:၀၀ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံနှင့် UNHCR၊ WFP အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

နေပြည်တော်   စက်တင်ဘာ   ၁၃

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)မှ အရှေ့တောင်အာရှဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Jean Noel Wetterwald သည်**(အပေါ်ပုံ)** ယနေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) မှ Country Director And Representative Mr. Carlos Velos သည် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် UNHCR၊ WFP အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စုတွင် ပါတီရုံးချုပ်တည်ရှိသော ဝံသာနု NLD (ပြည်ထောင်စု မြန်မာနိုင်ငံ) ပါတီသည် ၎င်းတို့ပါတီ၏အမည်အား **ဝံသာနုဒီမိုကရက်တစ်ပါတီ** ဟု အမည်ပြောင်းလဲခွင့်ပြုပါရန် ၈-၉-၂၀၁၁ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလျှောက်ထားလာပါသည်။ ယင်းသို့ တင်ပြလျှောက်ထားလာသည့် **ဝံသာနုဒီမိုကရက်တစ်ပါတီ** ဟူသည့် ပါတီအမည်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

လာရောက်တွေ့ဆုံ

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Bronte Moules လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဩစတြေးလျနိုင်ငံနှင့် ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီးများ သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော်   စက်တင်ဘာ   ၁၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Bronte Moules သည် ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်အခြေစိုက် ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lazaro HERRERA MARTINEZ သည် ယနေ့ညနေ ၃ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ဩစတြေးလျနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံရာ၌ ဩစတြေးလျနိုင်ငံ AusAID ပံ့ပိုးမှုနှင့် ဆောင်ရွက်မည့်အစီအစဉ်များ၊ မိခင်၊ မွေးကင်းစကလေးနှင့် ကလေးကျန်းမာရေးလုပ်ငန်းကိစ္စရပ်များ၊ ငှက်ဖျား၊ တီဘီနှင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်း အစီအစဉ်များ၊ ကာကွယ်ဆေးထိုး လုပ်ငန်းအစီအစဉ်များနှင့် ဆေးပညာအထူးပြုဘာသာရပ်ဆိုင်ရာ လေ့ကျင့်သင်ကြားရေး အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ကျူးဘားနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံရာတွင် ဆေးပညာဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်ဆေးနှင့် ဆေးဝါးများထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ ဆေးတက္ကသိုလ်များ ဖွင့်လှစ်ထားရှိမှုနှင့် လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်များနှင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား အတွေ့အကြုံများ ဖလှယ်၍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

မြန်မာ့မြင်းစီးအားကစားအဖွဲ့ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန်   စက်တင်ဘာ   ၁၃

အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ စက်တင်ဘာ စတုတ္ထအပတ်တွင် ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ယှဉ်ပြိုင်မည့် မြင်းနှင့် အားကစားသမား ရွေးချယ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အမှုဆောင် ဦးသန့်စင်မိုး ခေါင်းဆောင်သော မြန်မာ့မြင်းစီးအားကစားအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အရှေ့တောင်အာရှ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းကျော်နှင့် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အမှုဆောင် အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မိုးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ဓါတ်ပုံ)**

မြန်မာ့မြင်းစီး အားကစားအဖွဲ့တွင် မြင်းစီး အားကစားသမားများအဖြစ် သိန်းဝင်း၊ ဘခန့်၊ သန်းလှိုင်၊ အောင်သူထွန်းနှင့် စန်းယုဝင်းတို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

နိုင်ငံခြားသားနှစ်ဦး ပစ္စည်းအဝယ်ပြုပြီး ကျပ်သိန်း ၂၀ ခိုးယူ

ရွှေဘို   စက်တင်ဘာ   ၁၃

စက်တင်ဘာ ၅ ရက် ညနေ ၆ နာရီခွဲခန့်က ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက် လမ်းမတော်၌ ဖွင့်လှစ်ထားသော "ကြွယ်" လျှပ်စစ်ပစ္စည်းအရောင်းဆိုင်သို့ နိုင်ငံခြားသားနှစ်ဦးဝင်ရောက်လာပြီး လျှပ်စစ်မီးပူ အဝယ်ပြု၍ ငွေကျပ် သိန်း ၂၀ ခိုးယူသွားမှုဖြစ်ပွားခဲ့သည်။

ယင်းနေ့ညနေက နိုင်ငံခြားသားနှစ်ဦး "ကြွယ်"လျှပ်စစ်ပစ္စည်းအရောင်းဆိုင်ထဲသို့ ဝင်ရောက်လာပြီး လျှပ်စစ်မီးပူ အလိုရှိကြောင်းပြောသဖြင့် ထုတ်ပြ၍ ကျပ် ၁၈၀၀၀ ဖြစ်ကြောင်းပြောပြရာ ယင်းနိုင်ငံခြားသားနှစ်ဦးက ငါးထောင်တန် လေးရွက်ကို ထုတ်ပေးသဖြင့် အရောင်းစာရေးမက ကျပ် ၁၀၀၀ တန် အသေးနှစ်ရွက်ကို ပြန်အမ်းပေးခဲ့သည်။ ထိုသူနှစ်ဦးက ယင်းပြန်အမ်းငွေ အသေးနှစ်ရွက်ကို မလိုချင်ကြောင်း၊ အကြီးအသစ်နှစ်ရွက်ကိုသာ လိုချင်ကြောင်းပြောသဖြင့် ဆိုင်ဝန်ထမ်းက ငွေထည့်သည့်အံဆွဲအတွင်းရှာဖွေရာ ယင်းတို့နှစ်ဦးအနက် အကြီးဖြစ်သူက အံဆွဲထဲသို့လက်နှိုက်ပြီး ဝိုင်းဝန်းရှာဖွေသည့်ပုံစံဖြင့် ရှာဖွေခဲ့သည်။

မတွေ့သဖြင့် ဆိုင်ပိုင်ရှင် ဒေါ်မြင့်ကြွယ်ထံ အကျိုးအကြောင်းပြောပြရာ ဆိုင်ပိုင်ရှင်ကလည်း နိုင်ငံခြားသားဖြစ်နေသည့်အတွက် ပျူငှာလိုက်လျောသည့်သဘောဖြင့် ၎င်းတို့လိုချင်သော ပိုက်ဆံကိုရှာပေးမည်ဟုပြောပြီး အခန်းထဲဝင်ရောက်ရှာဖွေနေစဉ် အထက်ပါလူပင် အခန်းထဲလိုက်လာပြီး ငွေသေတ္တာအား ၎င်းကိုယ်တိုင်ဝင်ရောက်ရှာဖွေရာ ဆိုင်ရှင်က No,No ဟုပြော သော်လည်း မရဘဲ ဆက်လက်ရှာဖွေပြီး ဗီရိုသေတ္တာတွင်းမှ ငွေအုပ်များကို ဟိုရွှေ့ ဒီရွှေ့မျက်စိလည်အောင်လုပ်ပြီး ထွက်သွားခဲ့သည်။

၎င်းတို့ဆိုင်ထဲမှ ထွက်သွားသော အခါမှ မိမိငွေများကိုစစ်ဆေးရာ ကျပ်ငါးထောင်တန် လေးအုပ်၊ ပျောက်ဆုံးနေကြောင်း သိရှိရသည်။ ပိုင်ရှင်က သက်ဆိုင်ရာသို့ လာရောက်တိုင်ကြားခြင်းမရှိသေးမီ ရွှေဘိုမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှ ရဲမှူးဦးအေးသန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဦးနေဝင်းဦးဆောင်သော အဖွဲ့သည် ရရှိထားသော သတင်းများအရ အခင်းဖြစ်ရာနေရာသို့ ချက်ချင်းသွားရောက်စုံစမ်းရာ ဆိုင်တွင်း၌ တပ်ဆင်ထားသော CCTV ကင်မရာဖြင့် ရိုက်ယူထားသည့် ၎င်းနိုင်ငံခြားသားနှစ်ဦး၏ ဓာတ်ပုံနှင့်တကွ ၎င်းတို့ စီးလာသော Honda Accord အမျိုးအစား အဖြူရောင် ဆလွန်းကားကိုပါ တွေ့မြင်သိရှိခဲ့ရသဖြင့် ဒုရဲမှူးနှင့်အဖွဲ့သည် အချိန်မဆိုင်းဘဲ ၎င်းတို့ထွက်ခွာသွားသော ရွှေဘို-မန္တလေး ကားလမ်းတစ်လျှောက် လိုက်လံစုံစမ်းရာ စစ်ကိုင်းတိုးဂိတ် CCTV ကင်မရာ၌ ၎င်းနိုင်ငံခြားသား နှစ်ဦးပါသည့် Honda Accord ကားအား မှတ်တမ်းတွင် တွေ့ရှိရပြီး ကားနံပါတ်မှာ ဗ---------- ဖြစ်ကြောင်း၊ မန္တလေးဘက်သို့ ယင်းကား ဆက်လက်မောင်းသွားကြောင်း သိရှိရသဖြင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးထံ သတင်းပို့ အကူအညီတောင်းခံရာ တိုင်းဒေသကြီးရဲမှူးကြီးအောင်နိုင်သူက မန္တလေးတိုင်းဒေသကြီးအတွင်း ရဲတပ်ဖွဲ့အသီးသီးသို့ ဆက်သွယ်သတင်းပို့ ညွှန်ကြားခဲ့သည်။ တပ်ဖွဲ့အသီးသီးက ပြစ်မှုကျူးလွန်သူများအား အချိန်မီ ဖမ်းဆီးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရာ စက်တင်ဘာ ၇ ရက် နံနက် ၄ နာရီခွဲခန့်တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရဲတပ်ဖွဲ့က အဆိုပါ ကျူးလွန်သူ နိုင်ငံခြားသား နှစ်ဦးအား ယင်းတို့စီးသွားသော ကားနှင့်အတူ ဖမ်းဆီးနိုင်ခဲ့သည်။

အဆိုပါ နှစ်ဦးအား ရွှေဘိုသို့ ပြန်လည်ခေါ်ဆောင်လာပြီး စစ်ဆေးရာ ယင်းတို့နှစ်ဦးသည် တူရကီနိုင်ငံသားများဖြစ်ကြောင်း၊ တစ်ဦးမှာ MEHMET ALI TOPCU (မာမက်အလီတော့ပ်ကူး) (၄၄) နှစ်ဖြစ်ပြီး ကျန်တစ်ဦးမှာ DUY GU AVLA (ဒူဂူအာဘလာ) (၃၁) နှစ်တို့ဖြစ်ကြောင်း သိရသည်။ ၎င်းတို့နှစ်ဦးက ဖြောင့်ချက်ပေးသဖြင့် ပြစ်မှုပုဒ်မ ၃၈၀ အရ မြို့နယ်တရားရုံးသို့ ဆက်လက်တရားစွဲဆို တင်ပို့နိုင်ရေး ဆောင်ရွက်နေကြောင်း သိရှိရသည်။ (၅၇၂)

နှစ်ပွဲဆက် နိုင်ပွဲရခဲ့သည့်ထိုင်း

ရန်ကုန်   စက်တင်ဘာ   ၁၃

အာဆီယံယူ-၁၉ လူငယ်ဘောလုံးပြိုင်ပွဲအုပ်စု(က) ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပရာ ထိုင်းနှင့် မလေးရှားတို့ နိုင်ပွဲများရရှိခဲ့သည်။

သုဝဏ္ဏကွင်း

ထိုင်း - ငါးဂိုး

ကမ္ဘောဒီးယား - ဂိုးမရှိ

အောင်ဆန်းကွင်း

မလေးရှား - ခြောက်ဂိုး

စင်ကာပူ - ဂိုးမရှိ

ယနေ့ပွဲ

သုဝဏ္ဏကွင်း

မြန်မာ - လာအို

အောင်ဆန်းကွင်း

ဘရူနိုင်း - အင်ဒိုနီးရှား

ရှိုင်းထက်ဇော်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ယူအက်စ်အိုးပင်း ကမ္ဘာ့အဆင့်(၁) ဂျိုကိုဗစ် ဗိုလ်စွဲ တစ်နှစ်အတွင်း သုံးကြိမ်မြောက် ဂရင်းဆလင်းချန်ပီယံဆု ဆွတ်ခူး

နယူးယောက်   စက်တင်ဘာ   ၁၃

ဂရင်းဆလင်းပြိုင်ပွဲများထဲတွင် နှစ်တစ်နှစ်၏ နောက်ဆုံးပြိုင်ပွဲဖြစ်သည့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပြီးဆုံးခဲ့ပြီဖြစ်သည်။ ယခုပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) ဂျိုကိုဗစ်နှင့် ကမ္ဘာ့အဆင့်(၂)ရာဖေးလ်နာဒယ်လ်တို့ အင်္ဂါနေ့နံနက်ပိုင်းက ယှဉ်ပြိုင်ကစားကြရာ ဂျိုကိုဗစ်က ၆-၂၊ ၆-၄၊ ၆-၇၊ ၆-၁ ဖြင့် အနိုင်ရကာ ဗိုလ်စွဲသွားသည်။ ဤပွဲ၏ကစားချိန်မှာ ၄ နာရီ ၁၀ မိနစ် ကြာမြင့်ခဲ့သည်။

အသက်(၂၄)နှစ်ရှိ ဂျိုကိုဗစ်သည် ယခုနှစ် (၂၀၁၁)တွင် ကျင်းပသည့် ဂရင်းဆလင်းပြိုင်ပွဲများဖြစ်သည့် ဩစတြေးလျအိုးပင်းနှင့် ဝင်ဘယ်လ်ဒန်အိုးပင်းတို့တွင်လည်း ဗိုလ်စွဲခဲ့ရာ ယခု ယူအက်စ်အိုးပင်းနှင့်ဆိုလျှင် တစ်နှစ်အတွင်း သုံးကြိမ်မြောက် ဂရင်းဆလင်းချန်ပီယံဖြစ်ခဲ့ခြင်းလည်းဖြစ်သည်။ ဂျိုကိုဗစ်သည် ပြီးခဲ့သည့် ဝင်ဘယ်လ်ဒန်အိုးပင်းဗိုလ်လုပွဲတွင် ရာဖေးလ်နာဒယ်လ်ကိုပင် အနိုင်ယူ၍ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဂျိုကိုဗစ်သည် ၂၀၀၈ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် တီဆွန်ဂါကို အနိုင်ယူပြီး ဗိုလ်စွဲခဲ့ခြင်းကြောင့် ၎င်းသည် ဂရင်းဆလင်းချန်ပီယံဆုကို လေးကြိမ်ရရှိထားပြီးဖြစ်သည်။

ဂျိုကိုဗစ်က "ဒီနှစ်ဟာ ကျွန်တော့်အတွက် တကယ့်ကို အံ့ဩစရာကောင်းတဲ့ နှစ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ဂရင်းဆလင်းချန်ပီယံဆုကို (၁၀)ကြိမ်ကိုင်မြှောက်ထားနိုင်တဲ့ ရာဖေးလ်နာဒယ်လ်ကို တစ်နှစ်အတွင်း ဂရင်းဆလင်းပြိုင်ပွဲနှစ်ရပ်မှာ နှစ်ကြိမ်ဆက်တိုက် အနိုင်ရခဲ့လို့ပါပဲ။ ဒါ့ပြင် ကျွန်တော်ဟာ ဒီ ၂၀၁၁ ခုနှစ်ထဲမှာ ဂရင်းဆလင်းချန်ပီယံ သုံးကြိမ်ဖြစ်ခဲ့တာက ဂုဏ်ယူဝမ်းသာစရာကောင်းပြီး ကိုယ့်ကိုယ်ကိုယ်လည်း ကျေနပ်အားရမိပါတယ်။ ကျွန်တော် ရှေ့ဆက်ပြီး ဒီထက်မက ကြိုးစားသွားပါဦးမယ်"ဟု ပြောကြားခဲ့သည်။ ဂျိုကိုဗစ်သည် ယခု ယူအက်စ်အိုးပင်းတွင် ဗိုလ်စွဲခဲ့ခြင်းကြောင့် ၎င်းသည် ကမ္ဘာ့အဆင့်(၁)နေရာကို ဆက်လက် ဆုပ်ကိုင်ထားနိုင်ဦးမည်ဖြစ်သည်။ ***အင်တာနက်။***

ဟန်သစ်

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်း အထောက်အကူပြု စည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေး အထောက်အကူပြုလုပ်ငန်းကော်မတီအစည်းအဝေးကို ဩဂုတ် ၁၅ ရက် ညနေ ၃ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အလုံမြို့နယ်ရုံး၌ ကျင်းပရာ ခရိုင်လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြန်/ဆက် ဦးစီးအရာရှိ ဦးစန်းလွင်ဦးက လုပ်ငန်းနယ်ပယ်(၆)ရပ်နှင့် ပတ်သက်၍ အား (၁၀) အားကို ရယူပြီး မြို့နယ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ် ပြန်/ဆက် ဦးစီးမှူးများ တက်ရောက်ခဲ့ကြသည်။ (ခရိုင်ပြန်/ဆက်)

ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး အမှတ်(၃) ယာဉ်ထိန်းနယ်မြေမှ ဒုတိယရဲမှူးမြင့်အောင်နှင့် အဖွဲ့သည် ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောပို့ချရာ**(အပေါ်ပုံ)** ဒုတိယပါမောက္ခချုပ် ဒေါက်တာကိုကိုကျော်စိုးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၂၄၃ ဦးတို့ တက်ရောက်ကြသည်။ (ကြေးမုံ)

ရန်ကုန်မြို့ ရွှေတောင်ကြား(၁) ဗဟန်းမြို့နယ် ငွေဝတ်မှုံရပ်ကွက်နေ ဗိုလ်မှူးကြီးခင်မောင်ဝင်း (၅)နှစ်ပြည့်အားရည်စူး၍ ဒေါ်တင်ရီမ(ညောင်ဦး)နှင့် မိသားစုက ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ အထွေထွေပဒေသာပင် နှင့် တစ်နေ့လုံးစာ အထူးအာဟာရကျွေးမွေးရန်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တောင်ငူ၌ သွေးလှူရှင် ဂုဏ်ပြုပွဲ ကျင်းပ

တောင်ငူ စက်တင်ဘာ ၁၃

တောင်ငူမြို့ မေတ္တာနှင့် စေတနာသွေးလှူရှင်များအဖွဲ့က (၁၅)ကြိမ်နှင့်အထက် သွေးလှူရှင်များနှင့် ဘိုးဘွားများအား ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ ရွှေပန်းတိုင် ကုမ္ပဏီမှ (Nutri-Meal) အာဟာရအားဖြည့် သဘာဝဓာတ်စာဘူးများ လှူဒါန်းခြင်းကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက သွေးလှူရှင်များအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ (၁၅)ကြိမ် အထက် သွေးလှူရှင်များနှင့် သက်ကြီးရွယ်အို ဘိုးဘွားများသို့ အာဟာရပြည့် နို့မှုန့်ဘူးများကို လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

ယင်းအဖွဲ့သို့ သွေးလှူရန် ဆန္ဒပြုထားသူ ယနေ့ထိ ၆၆၃၁ ဦးရှိပြီး သွေးနှင့် အောက်ဆီဂျင် အသက်ရှူဘူးများ လှူဒါန်းလိုသူ စေတနာရှင်များအနေဖြင့် အဖွဲ့ရုံးတည်ရာ တောင်ငူမြို့ ကန်လမ်းဆေးရုံကြီးရှေ့ရှိ မေတ္တာနှင့် စေတနာသွေးလှူရှင်များ အဖွဲ့ ဖုန်း-၀၅၄-၂၅၂၄၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၂၉)

ပြည်သူ့ထံမှပေးစာ

စည်းကမ်းနှင့်အညီ ရောင်းချစေချင်

စာတည်းရှင့်-

ရန်ကုန်မြို့ သာကေတမြို့နယ် (၁၀)မြောက်ရပ်ကွက် စံပြဥယျာဉ်ဈေး အနောက် ရတနာပုံ(၁)လမ်း လမ်းမ လူနေတိုက်ခန်းများ၏ လှေကားနှင့် ဝင်/ထွက် ပေါက်များ၊ တိုက်ခန်းမျက်နှာစာများတွင် အမိုးအကာများ ကာရံပြီး ဈေးရောင်းချလျက်ရှိရာ လမ်းသွားလမ်းလာများ အနှောင့်အယှက်ဖြစ်ကြရပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **သာကေတသူများ**

စည်းကမ်းမဲ့ ကျူးကျော်ဆိုင်များ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ပေါင်းတည်မြို့ မှတ်တိုင်လမ်း ရွှေဟင်္သာဘုရား(မြောက်ဘက်)ဘေးတွင် စည်းကမ်းမဲ့ ကျူးကျော်ရောင်းချနေသော ဆိုင်ကယ်ပြင်ဆိုင်နှင့် ကွမ်းယာဆိုင်များကြောင့် အနေးယာဉ်၊ အမြန်ယာဉ်နှင့် လမ်းသွားလမ်းလာများ လမ်းပိတ်ဆို့ကာ သွားလာရေးခက်ခဲမှုကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

ထို့အပြင် လူငယ်များမှာလည်း နေ့ညမပြတ်အော်ဟစ်၍ သီချင်းဆိုခြင်း၊ ဆူညံခြင်းတို့ကြောင့် အနီးအနား ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများမှာလည်း နေ့စဉ်နှင့်အမျှ နားမခံသာဖြစ်ရပါသဖြင့် ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူ၊ လမ်းသားများ**

စည်းကမ်းမဲ့လမ်းဘေးဈေးသည်များ ဖယ်ရှားရှင်းလင်းစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းမကြီး (အလုံလမ်းနှင့် ငုဝါလမ်းကြား) လမ်းဘေးဝဲ၊ ယာတွင် စည်းကမ်းမဲ့ဈေးဆိုင်များ ၂၄ နာရီပတ်လုံး ရောင်းချ၊ ဆူပူအော်ဟစ်နေခြင်း၊ အမှိုက်၊ မစင်များစွန့်ကြခြင်းဖြင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ရပါ၍ အဆိုပါ စည်းကမ်းမဲ့ဈေးသည်များအား သက်ဆိုင်ရာမှ ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **ဖယ်ရှားရှင်းလင်းပေးစေလိုသူများ**

ပေးအပ်လှူဒါန်း

မသန်စွမ်းသူများဖြင့် ဖွဲ့စည်းထားပြီး မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးလျက်ရှိသော လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ရုံးခန်းသို့ သယ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းမကြီး ကန်တော်မွန်အိမ်ရာနေ အိခိုင်ဇင် (ခ) သရုပ်ဆောင် ဂန္ဓဝင်က အလှူငွေကျပ် တစ်သိန်း လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့၏ ပူးပေါင်းစီစဉ်မှု၊ PARAMI FOUNDATION၏ ကူညီပံ့ပိုးမှုတို့ဖြင့် စက်တင်ဘာ ၁၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင်ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာ အတ္တကျော်က "အပြောင်းအလဲနဲ့ ရွှေအကျင့်များ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် ဩဂုတ်လအတွင်း နိုင်ငံတစ်ဝန်း ၃၇ ကြိမ် မီးလောင်ကျွမ်း

ရန်ကုန် စက်တင်ဘာ ၁၃

၂၀၁၁ ခုနှစ် ဩဂုတ်လအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် (၃၇) ကြိမ် မီးလောင်ကျွမ်းခဲ့ပြီး ခန့်မှန်းခြေ ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၁၈၇၄၄၃၀၀ ရှိခဲ့သည်ဟု မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုများတွင် ရန်ကုန်တိုင်းဒေသကြီးမှ ကိုးကြိမ်၊ မန္တလေးတိုင်းဒေသကြီးမှ ခြောက်ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ငါးကြိမ်၊ မကွေးတိုင်းဒေသကြီးမှ လေးကြိမ်၊ ဧရာဝတီတိုင်းဒေသကြီးမှ သုံးကြိမ်၊ နေပြည်တော်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နှစ်ကြိမ်စီ၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ပဲခူးတိုင်းဒေသကြီးတို့တွင် တစ်ကြိမ်စီ လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်သည့်အကြောင်းအရင်းများတွင် လျှပ်စစ်ကြောင့်ဖြစ်သော မီးလောင်ကျွမ်းမှုမှာ (၁၃) ကြိမ်ဖြင့်ပမာဏအများဆုံးအဖြစ် ပါဝင်နေပြီး မီးဖိုမီး(၁၀) ကြိမ်၊ ပေါ့ဆမီးကိုးကြိမ်၊ မသမာသူရှို့မီး ငါးကြိမ်ပါဝင်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၁ ခုနှစ် ဩဂုတ်လအတွင်းဖြစ်ပွားခဲ့သော မီးလောင်မှု ၃၇ ကြိမ်တွင် မီးဖိုမီးအပါအဝင် ပေါ့ဆမီးမှာ ၁၉ ကြိမ်ပါဝင်ခြင်းကြောင့် မီးကို မဆင်မခြင်သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများမှာ မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၅၁ ဒသမ ၃၅ ရာခိုင်နှုန်းခန့် ပါဝင်ခြင်းဖြစ်ကြောင်း၊ ဆုံးရှုံးမှုတန်ဖိုးကို ဆန်းစစ်ရာတွင်လည်း ကချင်ပြည်နယ်တွင် ဆုံးရှုံးမှုအများဆုံးဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒုတိယအများဆုံး၊ ရန်ကုန်တိုင်းဒေသကြီးမှာ တတိယဆုံးရှုံးမှု အများဆုံးဖြစ်ခဲ့ကြောင်းသိရသည်။ မီးလောင်ကျွမ်းမှုကြောင့် အိမ်ခြေအဆောက်အအုံ ၂၀ မီးလောင်ခဲ့ပြီး မီးဘေးဒုက္ခသည် ၃၆ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ တစ်ဦးဒဏ်ရာရရှိခဲ့သည်။ (၆၈၀)

ရန်ကုန်မြို့ ရွှေဘုံသာလမ်းနေ မောင်အေးနှင့်ညီများ မျက်မှန်လက်လီလက်ကား ရောင်းဝယ်ရေးက ဒိုက်ဦးမြို့ ကန်ဦးအထက ပညာရေးပဒေသာပင်ဖောင်ဒေးရှင်းသို့ ကန်ဦးဖောင်ဒေးရှင်း ပညာသင်ဆုအတွက် ငွေကျပ် ၁၀ သိန်းကို အလှူရှင်ကိုယ်စား ဦးရာကွတ်က ဖောင်ဒေးရှင်းနာယက ဒေါက်တာသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

ပညာရေးဘက်စုံဆုချီးမြှင့်

အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း ဒေါပုံ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် စတုတ္ထတန်း၌ မြို့နယ်အဆင့် ပညာရေးဘက်စုံဒုတိယရရှိသော မခင်သူဇာဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီဝင်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပေးအပ်လှူဒါန်း

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် (၁၅) ရပ်ကွက် မဂ္ဂသစ္စာဓမ္မာရုံ၌ စက်တင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိ သတ္တမအကြိမ် မိုးကုတ်ဝိပဿနာ ၁၀ရက် တရားစခန်း အလှူရှင် သခင်မြလမ်းနေ ဒေါ်စိန်ပု မိသားစုကငွေကျပ်တစ်သိန်းငါးသောင်းကို တရားစခန်းဖြစ်မြောက်ရေး အမှုဆောင်အဖွဲ့သို့ လှူဒါန်းစဉ်။ (၃၂၉)

မာတာပိတုဉပဋ္ဌာနံ ဧတံမင်္ဂလမုတ္တမံ မိဘကို လုပ်ကျွေးပြုစုခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် စိတ်ဝင်စားသည့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံလိုသူ အများအပြားရှိနေ

ပြူးမြို့နယ် ပြည်သူ့ဆေးရုံကို ခုတင်(၁၀၀)ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိ

သထုံအထိ ရောက်ရှိပြီးဖြစ်သော ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းကို ကော့ကရိတ်အထိပို့လွှတ်ရန် စီမံကိန်းသတ်မှတ်ထား

နေပြည်တော် စက်တင်ဘာ ၁၃

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၈၅)ဦးတို့ တက်ရောက်ကြသည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ကတိသစ္စာမပြုရသေးသော ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ခိုင်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးသည်။

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း(၈)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း(၂)ခုကို ပြင်ဆင်ချက်ဖြင့် အတည်ပြုခြင်း၊ အဆို(၂)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း၏ **နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁)၊ နိုင်ငံတော် အခြေခံမူများပုဒ်မ ၄၁ တွင် အတိအလင်း ပြဋ္ဌာန်းချက်များအပေါ် အခြေခံ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနေဖြင့် ဒေသတွင်းနှင့် အခြားနိုင်ငံများ၊ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံဆောင်ရွက်နေမှုအခြေအနေများကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသို့ ၁၉-၄-၁၉၄၈ ရက်နေ့တွင် (၅၈)နိုင်ငံမြောက်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး ထိုအချိန်မှစ၍ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်မြောက်ရေးအတွက် စိတ်အားထက်သန်စွာ ပါဝင်လှုပ်ရှားခဲ့ပါကြောင်း၊ ထို့ပြင် လက်နက်ဖျက်သိမ်းရေး၊ လျှော့ချရေး၊ နျူကလီးယားလက်နက်မပြန့်ပွားရေးကိစ္စများတွင် တက်ကြွစွာပါဝင်လျက်ရှိပြီး ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ၊ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးကော်မတီတို့နှင့်လည်း တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှုတွင် ၁၉၆၁ ခုနှစ် အဖွဲ့ကြီး စတင်ဖွဲ့စည်းချိန်မှစ၍ ပါဝင်ခဲ့သော်လည်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးက လျစ်လျူရှုခဲ့သဖြင့် ယင်းအဖွဲ့မှ **စာမျက်နှာ ၄ ကော်လံ ၁ သို့**❖

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ထိထိရောက်ရောက် ဆောင်ရွက်ရန်

ပြည်ထောင်စုဝန်ကြီးတစ်ဦးကို ချင်းပြည်နယ်တာဝန်ခံအဖြစ် သီးသန့်တာဝန်ပေးကာ ရည်မှန်းချက်တာဝန်များ ဆောင်ရွက်နေ

ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အပြောင်းအလဲမှုများအပေါ် တရားမျှတစွာဖြေရှင်းဆုံးဖြတ်ရေးပညာရှင်အဖွဲ့ ဖွဲ့စည်းရန်လို

နေပြည်တော် စက်တင်ဘာ ၁၃

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၉)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၉)ဦးတို့က နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးမင်းလွန်းအောင်၏ **"ကျိုက်မရောမြို့နယ် အတ္တရံမြစ်တစ်ဖက်ခြမ်းရှိ ကျေးရွာများမှာ သွားလာရေးခက်ခဲပြီး ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့ပါကြောင်း၊ ဇာသပြင်-ချောင်းနှစ်ခွလမ်းကို ၂၀၀၁ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ရာ ဇာသပြင်-ခရုံဂူအထိ ကတ္တရာခင်းနိုင်ခဲ့ပြီး ကျောက်နှင့်ကတ္တရာခင်းရန် လမ်းအရှည် (၃၃)မိုင် ကျန်ရှိနေပါကြောင်း၊ လမ်းတစ်လျှောက် တံတားကြီး၊ တံတားငယ်ပေါင်း (၇၃)စင်းကိုလည်း ဒေသအာဏာပိုင်နှင့် ဒေသခံပြည်သူများ ပူးပေါင်းတည်ဆောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျန်ရှိသော ဇာသပြင်-ချောင်းနှစ်ခွ လမ်းပိုင်းအရှည်(၃၃)မိုင်ကို ရာသီမရွေး မော်တော်ယာဉ်များ ပြေးဆွဲနိုင်ရေးအတွက် ကတ္တရာခင်းလမ်း၊ ကျောက်ချောခင်းလမ်း ဖောက်လုပ်ပေးနိုင်မှု ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်အတွင်းရှိ ဇာသပြင်-ချောင်းနှစ်ခွလမ်း(၄၃)မိုင် (၇)ဖာလုံကို ၁၉၉၇-၁၉၉၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ပုံငွေတို့မှ စုစုပေါင်းရန်ပုံငွေ ကျပ်(၅၃၆ ဒသမ ၄၉)သန်း ကျခံသုံးစွဲပြီး ဇာသပြင်မှ ကွန်းကုန်းထိ ကတ္တရာလမ်း(၇)မိုင် (၅)ဖာလုံ၊ ကွန်းကုန်းမှ ဘုရားကုန်းထိ ကျောက်လမ်း(၃၂)မိုင်(၆)ဖာလုံ၊ ဘုရားကုန်း-ချောင်းနှစ်ခွ မြေသားလမ်း (၃)မိုင်(၄)ဖာလုံနှင့် တံတားကြီး/ငယ်(၃၂)စင်းတို့ကို ဆောက်လုပ်ပေးခဲ့ပါကြောင်း။

ရာသီမရွေး မော်တော်ယာဉ်များသွားလာနိုင်ရေးအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး **စာမျက်နှာ ၈ ကော်လံ ၁ သို့**✳

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)